ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 24 December 2016 (၈၇၈၅)



နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား ဓမ္မတေးသီချင်းများဖြင့် မေတ္တာပို့ကောင်းချီးပေး

သတင်း စာမျက်နှာ - ၅



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ခရစ္စမတ်ပွဲတော်အခမ်းအနား တက်ရောက်

သတင်း စာမျက်နှာ - ၅



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေပွဲ တက်ရောက်

သတင်း စာမျက်နှာ - ၇



ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေး စည်းဝေး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်

သတင်း စာမျက်နှာ - ၃

# ကင်းထောက်မောင်မယ်များ အနာဂတ်ကိုရွေးရှုပြီးသွားကြစေလို ဘဝတွင် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးရှိရာ နည်းမှန်၊ လမ်းမှန်ကိုရွေးနိုင်ရန် အဓိကကျ

ရန်ကုန် ဒီဇင်ဘာ ၂၃

**မြန်မာကင်းထောက်ရာပြည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိမိတို့ကင်းထောက်လူငယ်များသည် ကင်းထောက်လုပ်ငန်းများအတူလုပ်ဆောင်ရင်း မေတ္တာပွားနိုင်ခြင်းသည် အတ္တစိတ်ကို မေတ္တာဖြင့်လွှမ်းခြုံနိုင်သည့် သဘောပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အားလုံးဝိုင်းဝန်းလုပ်ဆောင်မှ ငြိမ်းချမ်းရေးရနိုင်မည်ဖြစ်ပြီး မိမိတို့နိုင်ငံငြိမ်းချမ်းမှ မိမိတို့ဒေသငြိမ်းချမ်းမည်၊ မိမိတို့ဒေသငြိမ်းချမ်းမှ ကမ္ဘာကြီးငြိမ်းချမ်းမည်ဖြစ်ကြောင်း ဂုဏ်ပြုအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိငယ်စဉ်က ကင်းထောက်ဝတ်စုံဝတ်ပြီး ကင်းထောက်အဖွဲ့တွင် အတူတူပါဝင်ခဲ့သည့် မိတ်ဆွေများနှင့် ယခုကဲ့သို့ အတူ မရပ်ခဲ့ရသည်မှာ အနှစ်ငါးဆယ်ကျော်သွားပြီဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ကင်းထောက်များ၏ စိတ်ဓာတ်များ ရှင်သန်နေသေးသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း။

ကင်းထောက်လူငယ်များ၏ လှုပ်ရှားမှုဆိုသည်မှာ လူငယ်များစိတ်ဓာတ်ဖွံ့ဖြိုးရေးအတွက် ပြုစုပျိုးထောင်ရေးနည်းတစ်မျိုးပင်ဖြစ်ပါကြောင်း၊ ကောင်းသည့်ကိစ္စများကို အားလုံးအတူတူ ဝိုင်းဝန်းဆောင်ရွက်ခြင်းသည် တစ်ဘဝအတွက် ခိုင်မြဲသည့် မိတ်ဆွေများ၊ ရဲဘော်ရဲဘက်များ ရှာဖွေခြင်းပင်ဖြစ်ပါကြောင်း၊ ကောင်းသည့်ကိစ္စများကို အတူတူလုပ်ဆောင်ခြင်းထက် ပို၍ခိုင်မြဲနိုင်သည့် အဆက်အသွယ်မရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့ကင်းထောက်လူငယ်မောင်မယ်များ ယခုကဲ့သို့စုစည်းနိုင်သည့်အခြေအနေ ပြန်လည်ရောက်ရှိလာသည်ကို ဝမ်းမြောက်မိပါကြောင်း။

ကင်းထောက်တစ်ယောက်အနေဖြင့် ငယ်ငယ်တည်းက သင်ပေးလိုက်သည့် စံနှုန်း၊ စံထားများသည် တစ်ဘဝစွဲလမ်းသွားနိုင်ပါကြောင်း၊ ထိုစံနှုန်း စံထားများဖြင့် မိမိကိုယ်တိုင်အတွက်သာမက မိမိတို့ အသိုင်းအဝိုင်းအတွက်၊ နိုင်ငံအတွက်၊ ကမ္ဘာအတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ ကင်းထောက်လှုပ်ရှားမှုဆိုသည်မှာ တစ်ကမ္ဘာလုံးဖြင့်သက်ဆိုင်သည့် လှုပ်ရှားမှုဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းနှင့် သက်ဆိုင်သည့် လှုပ်ရှားမှုမဟုတ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်ခုချင်း၏ ကောင်းကျိုးပြုမှုသည် တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်သကဲ့သို့ တစ်ကမ္ဘာလုံးတွင် ဖြစ်ပေါ်နေသည့် ကိစ္စအရပ်ရပ်သည်လည်း နိုင်ငံတစ်ခုချင်းစီကို ထိရောက်မှုရှိပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

## ကင်းထောက်မောင်မယ်များအားလုံးသည် ယနေ့ ရာပြည့်အခမ်းအနားမှစ၍ တစ်နေ့ထက်တစ်နေ့ အားသစ်များမွေးမြူကာ တစ်နှစ်ထက်တစ်နှစ် မှန်ကန်သည့် စိတ်ထားများဖြင့် မိမိတို့နိုင်ငံသာမက တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်ကြစေလို။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာကင်းထောက် ရာပြည့်အထိမ်းအမှတ်အခမ်းအနား တက်ရောက်လာကြသည့် အမျိုးသမီးကင်းထောက်ငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



ကြေးမုံ

# တိုးချဲ့ရမည့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ

ကမ္ဘာ့ဘဏ်က နိုင်ငံတော်အစိုးရအား အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် အမေရိကန်ဒေါ်လာသန်း ၁၀၀ ထုတ်ချေးမည်ဟူသော သတင်းအပေါ် ကြိုဆိုအပ်ပါသည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းတို့သည် နိုင်ငံစီးပွားရေး၏ အခြေခံကျောရိုးဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းတို့ ရင်ဆိုင်ရလျက်ရှိသည့် အဓိကစိန်ခေါ်ချက်နှစ်ရပ်သည် လုံလောက်သော ချေးငွေရရှိရေးနှင့် နည်းပညာအထောက်အပံ့ရရှိရေးတို့ ဖြစ်ပါသည်။ ကမ္ဘာ့ဘဏ်၏ ထုတ်ပြန်ချက်အရ ယခုချေးငွေသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးချဲ့ရန်နှင့် အသေးစားငွေချေးလုပ်ငန်းအပါအဝင် အာမခံကဏ္ဍမြှင့်တင်ရေးကို ရည်ရွယ်သည်ဖြစ်၍ မြန်မာနိုင်ငံ၏လိုအပ်ချက်ကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးမည့် ချေးငွေအစီအစဉ်တစ်ရပ်အဖြစ် မှတ်တမ်းတင်အပ်ပါသည်။

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေပိုမိုပေးအပ်နိုင်ခြင်းသည် စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးချဲ့နိုင်ခြင်းဖြစ်ပြီး ပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းလည်း ဖြစ်ပါသည်။ လူထုအစိုးရသစ်လက်ထက်၌ ပိုမိုသာလွန်သော အခွင့်အလမ်းမှာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်း၍ မြန်မာနိုင်ငံအား ကုန်သွယ်မှုအထူးအခွင့်အရေး (GSP) ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် အမေရိကန်နိုင်ငံသို့ အခွင့်သာသော အနေအထားဖြင့် ကုန်ပစ္စည်းများ တင်ပို့နိုင်သည့်အခွင့်အရေးကို ရရှိထားပြီးဖြစ်ပါသည်။

ဤသို့သော အနေအထားများကြောင့် တိုးချဲ့လာမည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအနေဖြင့် အမေရိကန်ဈေးကွက်သို့ တင်ပို့နိုင်မည့် အခွင့်ကောင်းကိုရရှိမည်ဖြစ်ပါသည်။ ပစ္စုပ္ပန်ကာလ၌ပင် မြန်မာနိုင်ငံက ကော်ဖီနှင့်လက်ဖက်ခြောက်ကဲ့သို့သော ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းသည် အနာဂတ်စီးပွားရေးအတွက် အလားအလာကောင်းများကို ညွှန်ပြနေခြင်းဖြစ်ပါသည်။

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးချဲ့ရာ၌ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေပြုသော စက်မှုကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေးသည် မြန်မာနိုင်ငံ၏ ပကတိအခြေအနေကတောင်းဆိုနေသော လုပ်ငန်းရပ်ဖြစ်ပါသည်။ဥပမာအားဖြင့် ပြောင်းဖူးကို အခြေခံ၍ စက်မှုကုန်ထုတ်လုပ်ငန်းများစွာ ဆောင်ရွက်နိုင်ပါသည်။ သို့သော်မြန်မာနိုင်ငံ၌ ပြောင်းဖူးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများ မရှိသလောက်နည်းပါးပါသည်။ မကြာသေးသော ကာလက ပြောင်းဖူးဈေးကျ၍ တောင်သူများ အခက်ကြုံနေရသည့် သတင်းတို့ကို တွေ့ရပါသည်။ မြန်မာနိုင်ငံ၌သာ ပြောင်းဖူးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်းတို့ တည်ဆောက်ထားနိုင်ပါက တောင်သူများသည် ယခုကဲ့သို့သော အခက်အခဲများကို ကြုံတွေ့ရမည်မဟုတ်ပါ။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် ပို့ကုန်အမယ်သစ်တိုးချဲ့ရေးကိုသာမက သွင်းကုန်အစားထိုးရေးကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြေရှိပါသည်။ စားသုံးဆီကဲ့သို့သောပြည်သူလူထု၏ အခြေခံစားကုန်များကို ပြည်တွင်း၌သာ လုံလုံလောက်လောက် ထုတ်နိုင်စွမ်းရှိပါက တိုင်းပြည်စီးပွားရေးအတွက် များစွာအထောက်အပံ့ဖြစ်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဖြစ်ထွန်းလာသော အခွင့်အလမ်းများကို အပြည့်အဝအသုံးချလျက် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအား ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာတိုက်တွန်းအပ်ပါသည်။ ။

## အရှေ့အာရှ မိသားစုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**



အရှေ့အာရှမိသားစု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ ဝန်ကြီးများအဆင့် ညီလာခံအား ဒီဇင်ဘာ ၂၂ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ရှန်ဂရီလာဟိုတယ်တွင် ကျင်းပခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့်အဖွဲ့ တက်ရောက်သည်။

အဆိုပါညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံဝန်ကြီးချုပ် General Prayuth Chauocha မှ အဖွင့်မိန့်ခွန်းပြောကြားကာ ဖွင့်လှစ်ပေးပြီးနောက် ထိုင်းနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားလုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး Police General Adul Saengsingkaew နှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနဝန်ကြီး Dr. Teerakiat Jareonsettasin တို့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် အရှေ့အာရှနိုင်ငံများဖြစ်သော အာဆီယံ ၁၀ နိုင်ငံ တရုတ်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ တီမောလက်(စ်)၊ သြစတြေးလျနှင့် နယူးဇီလန်နိုင်ငံ အသီးသီးနှင့် အာဆီယံအတွင်းရေးမှူးရုံးတို့မှ မိမိတို့နိုင်ငံအလိုက် မိသားစုဖွံ့ဖြိုးတိုးတက်ရေးသို့ ဦးတည်သော လူ့အဖွဲ့အစည်း ဖော်ဆောင်နေမှု အခြေအနေများ၊ ကျား၊ မ တန်းတူညီမျှရေး ဆောင်ရွက်နေမှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီအောင်မြင်ရေး ဆောင်ရွက်သွားမည့် နည်းလမ်းများအား တင်ပြကြသည်။

မြန်မာနိုင်ငံအနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေပြုမှု၊ နည်းဥပဒေနှင့် မူဝါဒများ ဖော်ဆောင်မှုနှင့် ကလေးသူငယ်ဘဝမှ သက်ကြီးရွယ်အိုအထိ မိသားစုဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများ၊ အရှေ့အာရှဒေသအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကလေးအလုပ်သမားများ မိမိတို့နှစ်သက်ရာ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်ဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ကလေးအလုပ်သမားများ မိမိတို့ကြိုက်နှစ်သက်ရာ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားရေးအတွက် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၂ ရက်တွင် Summit Park View Hotel ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားခဲ့သည်။

အခမ်းအနားတွင် လူမှုရေးဝန်ကြီးက မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်၍ ကလေးသူငယ်နည်းဥပဒေများကို ပြဋ္ဌာန်းပြီး ကလေးများ၏ အခွင့်အရေး(၄)ရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့် စသည်တို့ကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ကလေးအလုပ်သမားများကို ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် အနောက်ပိုင်းခရိုင် မြို့နယ်နှစ်မြို့နယ်ဖြစ်သည့် စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်တို့ရှိ လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်နေသော ကလေးအလုပ်သမား အရေအတွက်ကို စာရင်းကောက်ယူကာ ကလေးများ၏ ဆန္ဒအလျောက် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးနိုင်ရန် ဆိုင်ရှင်များနှင့် ခေါ်ယူညှိနှိုင်းဆွေးနွေးနေကြောင်းနှင့် အဆိုပါစီမံချက်လုပ်ငန်းကိုလည်း မြို့နယ်တိုင်းတွင် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




လက်ရှိတွင် ကလေးသူငယ်မှုခင်းများ၊ ကလေးငယ်များ၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများ တစ်နေ့တခြား များပြားလာသည်ကို တွေ့ရကြောင်းနှင့် ဖြေရှင်းဆောင်ရွက်ရန် အစိုးရတွင် တာဝန်ရှိသကဲ့သို့ မိဘ၊ ဆွေမျိုး၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအဖွဲ့အစည်းများတွင်လည်း တာဝန်ရှိကြောင်း၊ ကလေးများအနေဖြင့် မိမိတို့ရရှိရမည့် အခွင့်အရေးများကို မသိရှိကြ၍ ကလေးအများစုသည် မိမိတို့ရပိုင်ခွင့်များ ဆုံးရှုံးနေကြရခြင်းဖြစ်ကြောင်း၊ ထို့အတွက်ကြောင့် ကလေးသူငယ်ကိစ္စရပ်များ ဆောင်ရွက်နေသူများအနေဖြင့် လမ်းပေါ်ကလေးအများဆုံးရှိသော နေရာများတွင် သူတို့၏ ကာကွယ်စောင့်ရှောက်နိုင်သော အခွင့်အရေးများနှင့်ပတ်သက်သော ဟောပြောပွဲများ၊ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း၊ ကလေးမိဘများအနေဖြင့်လည်း ကလေးများ၏ အခွင့်အရေးများကို အပြည့်အဝ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ယူနီဆက်မှ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvelu အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း(CRC)နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ (NCRC) အကြောင်းသိကောင်းစရာနှင့် Child Law အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

**(မိုးမို့)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန္တလေး ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရန်ကုန်တက္ကသိုလ် (ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာ စကားပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရန်ကုန်တက္ကသိုလ်(ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာမောင်မောင်ဝင့်က လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ်(ပင်မ)ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ် (ပင်မ) ပြုပြင်မွမ်းမံရေးနှင့် အဆင့်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**ရှေ့ဖုံးမှ**

ကင်းထောက်မောင်မယ်များသည် အနာဂတ်ကို ရှေးရှုပြီး သွားကြစေလိုပါကြောင်း၊ မိမိတို့ ငယ်စဉ်ကတည်းက စည်းစည်းလုံးလုံးနေထိုင်ခဲ့သည့် စိတ်ဓာတ်များသည် ယခုထိတိုင်ရှင်သန်နေဆဲဖြစ်ပါကြောင်း၊ ကင်းထောက်များသည် မိမိတို့ကျင့်ဝတ်များကို လိုက်နာကြရပြီး ဆောင်ပုဒ်မှာ အမြဲပဲအဆင်သင့်ရှိရမည် ဖြစ်ပါကြောင်း၊ အမြဲအဆင်သင့်ရှိရမည် ဆိုသည်မှာ ဘဝတွင် ဘယ်လိုစိန်ခေါ်မှုများပင် ရှိစေကာမူ အဆင်သင့်ရှိနိုင်ရန်၊ ရင်ဆိုင်ရန်ပင်ဖြစ်ပါကြောင်း၊ ဘဝတွင် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် နည်းလမ်းအမျိုးမျိုးရှိရာ နည်းမှန်၊ လမ်းမှန်ကို ရွေးနိုင်ရန် အဓိကကျပါကြောင်း။

မှန်ကန်သည့်နည်းဖြင့် ရင်ဆိုင်နိုင်ပါက မိမိတို့အကျိုးအတွက်သာမက မိမိတို့ ပတ်ဝန်းကျင် အကျိုးအတွက်လည်း ဖြစ်ပါကြောင်း၊ အစုအဖွဲ့ဖြင့် ဆောင်ရွက်ခြင်းသည် တစ်နည်းအားဖြင့် အတ္တစိတ်ကို တော်လှန်ခြင်းပင် ဖြစ်ပါကြောင်း၊ လူသားဖြစ်လာပါက အတ္တနှင့် မကင်းနိုင်ပါကြောင်း၊ သို့သော် အတိုင်းအတာတစ်ခုထိ ထိန်းထားနိုင်ရန်လိုပါကြောင်း၊ အတ္တသည် မိမိတစ်ယောက်တည်းအတွက် တွေးခြင်းဖြစ်ပြီး မေတ္တာသည် အများအတွက် တွေးခြင်းဖြစ်ပြီး ကိုယ်လုပ်သည့် ကောင်းကျိုးကို မျှဝေလိုသည့်စိတ်ပင် ဖြစ်ပါကြောင်း။

ကင်းထောက်လူငယ်များ၏ သီချင်းတွင် ကောင်းသည့် စိတ်နေစိတ်ထားများမွေးမြူရန် တိုက်တွန်းထားသည်ကိုတွေ့ရပါကြောင်း၊ ထိုသီချင်း၏ အဓိပ္ပာယ်သည် လေးနက်ပါကြောင်း၊ ကင်းထောက်မောင်မယ်များသည် ထိုသီချင်းမှ သင်ခန်းစာများစွာ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အနှစ်တစ်ရာ တည်တံ့ခိုင်မြဲခဲ့သည်မှာ ထိုစိတ်ဓာတ်များ ကြောင့်ပင်ဖြစ်ပါကြောင်း၊ မိမိတို့ ငယ်စဉ်က ကင်းထောက်များသည် အတူယှဉ်တွဲကာ တစ်ပတ်တစ်ကြိမ် သို့မဟုတ် နှစ်စဉ် တောစခန်းထွက်လေ့ရှိပါကြောင်း၊ တောစခန်းထွက်ခြင်းသည် လူငယ်များအတွက် ပျော်ရွှင်ဖွယ်ဖြစ်သကဲ့သို့ သင်ယူနိုင်သည့် အခွင့်အရေးလည်း များစွာရရှိပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့လူငယ်ကင်းထောက်များသည် စာမေးပွဲများကို တစ်ဆင့်ချင်း ဖြေဆိုသွားကြရပါကြောင်း၊ မိမိတို့ ငယ်စဉ်က သမ္ဗတ ကင်းထောက်များဆိုသည့်အဖွဲ့ကို ဖွဲ့ခဲ့ပါကြောင်း၊ မိမိသည် ပထမဆုံး စာမေးပွဲဖြေဆို အောင်မြင်သည့်လေးယောက်တွင် ပါဝင်ခဲ့ပါကြောင်း၊ အသက် တစ်ဆယ့်ငါးနှစ်တွင် အိန္ဒိယသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ကင်းထောက် လှုပ်ရှားမှုများတွင် ဆက်လက်မပါဝင်တော့သော်လည်း ကမ္ဘာတစ်ဝန်းမှ ကင်းထောက်များနှင့် အဆက်အသွယ်ပြတ်သွားသည်တော့ မဟုတ်ပါကြောင်း၊ ထိုသို့မပြတ်သွားခြင်းသည် အခြေခံအားဖြင့် ရဲဘော်ရဲဘက်စိတ်ကိုခိုင်ခံ့အောင် ထူထောင်ခဲ့သည့်အတွက် ဖြစ်ပါကြောင်း။

ကင်းထောက်လှုပ်ရှားမှုဆိုသည်မှာ လူငယ်များ၏ လှုပ်ရှားမှု ဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးတစ်ခုက အတ္တစိတ်ကို ကျော်လွှားမှုပင်ဖြစ်ပါကြောင်း၊ အချင်းချင်းကြား မေတ္တာပွားရင်း ရဲဘော်ရဲဘက်စိတ်ကို ခိုင်ခံ့အောင် ထူထောင်ခြင်းဖြစ်ကြောင်း၊ ရဲဘော်ရဲဘက်စိတ်သည် သွေးသားရင်းကဲ့သို့ နီးကပ်စေပြီး အေးအတူပူအမျှ ဝိုင်းဝန်းမျှဝေခြင်းပင်ဖြစ်ပါကြောင်း၊ ရဲဘော်ရဲဘက်စိတ်နှင့် သွေးသားရင်းပေါ် နီးစပ်သည့်စိတ်သည် အတ္တနည်းသည့်အပေါ်တွင် ကွာခြားပါကြောင်း၊ ငါတစ်ဦးတည်းဆိုသည့် အတ္တမှ ငါတို့ အတူတူဆိုသည့် မှန်ကန်သည့်၊ ရဲဘော်ရဲဘက်ဆိုသည့် အဖွဲ့အစည်းစိတ်ဓာတ်ပါဝင်ပါကြောင်း၊ ကင်းထောက်မောင်မယ်များကအဖွဲ့အစည်းနှင့် လေ့ကျင့်နိုင်သည့် အခွင့်အရေးကို ရယူပြီး မိမိတို့တစ်သက်တာအတွက် မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် မှန်ကန်သည့် ရဲဘော်ရဲဘက်စိတ်ကို မွေးမြူကြပါရန် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့ ရဲဘော်ရဲဘက်စိတ်များကြောင့် အခက်အခဲမျိုးစုံကို ကျော်လွှားနိုင်ခဲ့သည့် အတွေ့အကြုံများရှိခြင်းကြောင့် တိုက်တွန်းလိုခြင်းဖြစ်ပါကြောင်း၊ တကယ့် ကောင်းမွန်သည့် ရဲဘော်ရဲဘက်များ၊ မိတ်ဆွေများရှိပါက ဘဝကိုမည်သည့်အခက်အခဲပင်ရှိရှိ ကျော်လွှားနိုင်သည်ကို အလေးထားစေလိုပါကြောင်း၊ ထို့ကြောင့် ကင်းထောက်လူငယ်များသည်လည်း ခေါင်းဆောင်နှင့် နောက်လိုက်မခွဲခြားဘဲ ပူးတွဲပေါင်းစည်း လုပ်ဆောင်သွားကြရန် စိတ်ဓာတ်ကိုအားပေးလိုပါကြောင်း၊ ထိုသို့ စိတ်ဓာတ်ဖြင့် သွားကြစေလိုပါကြောင်း။

မိမိတို့လူ့အသိုက်အဝန်းသည် စုစည်းမှု လိုအပ်ပါကြောင်း၊ မိမိတို့ပညာရေးစနစ်ကိုလည်း စုစည်းမှုကို အားပေးသည့်စနစ်ဖြစ်ရန် ကြိုးစားနေပါကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ရန်မဟုတ်ဘဲ ပံ့ပိုးပေးရန်သာဖြစ်ပါကြောင်း၊ ကောင်းမွန်သည့်ပြိုင်ဆိုင်မှုသည် လူတိုင်း လူတစ်ဦးချင်းစီ၏ အရည်အချင်းကို တိုးတက်အောင် အားပေးသည့် ပြိုင်ဆိုင်မှုမျိုးဖြစ်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကင်းထောက်လူငယ်မောင်မယ်များသည် စုစည်းပြီး ပျော်ပျော်ရွှင်ရွှင်၊ မိတ်ဖြစ်ဆွေဖြစ် တောစခန်းထွက်၊ အတူတေးသီချင်းသီဆို၊ အတူလမ်းလျှောက်ခြင်းများသည် ပျော်စရာများပင်ဖြစ်ပါကြောင်း၊ အပြိုင်အဆိုင်အနေဖြင့် မိမိတို့ အရည်အသွေးများကို ဖော်ထုတ်ရန် အခွင့်အရေးများလည်းရပါကြောင်း။

စုပေါင်းဖွဲ့စည်းဆောင်ရွက်ခြင်းသည် အောင်မြင်မှုအတွက် အကြီးဆုံး အင်အားပင်ဖြစ်ပါကြောင်း၊ ယုံကြည်မှုကိုလည်း ခိုင်မာအောင် လေ့ကျင့်စေလိုပါကြောင်း၊ သူများကို အောင်နိုင်ခြင်းထက် မိမိတို့ အားနည်းချက်များကိုအောင်နိုင်ရန် စိတ်ဓာတ်များကို မွေးမြူကြစေလိုကြောင်း၊ ကင်းထောက်မောင်မယ်များအားလုံးသည် ယနေ့ ရာပြည့်အခမ်းအနားမှစ၍ တစ်နေ့ထက်တစ်နေ့ အားသစ်များမွေးမြူကာ တစ်နှစ်ထက်တစ်နှစ် မှန်ကန်သည့် စိတ်ထားများဖြင့် မိမိတို့နိုင်ငံသာမက တစ်ကမ္ဘာလုံးကို အကျိုးပြုနိုင်ကြစေလိုကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌ၊ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ တိုးတက်မှုများကို ရှင်းလင်းတင်ပြပြီး အမျိုးသမီးကင်းထောက်ချုပ် ဒေါက်တာတင်လှကြည်က ကင်းထောက်သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ကင်းထောက်လူငယ်မောင်မယ်များက ကတိသစ္စာပြုကြပြီး လသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ်(၁) နှင့် (၂)တို့မှ ကင်းထောက်မောင်မယ်များက The World Song တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Asia Pacific Scout Committee မှ အဖွဲ့ဝင် Dr. Pattaroj Kamonrojsiri နှင့် Asia Pacific Regional Committee ဒုတိယဥက္ကဋ္ဌ Ms. Thanya Krichtitayawuth တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား နိုင်ငံတကာကင်းထောက်အဖွဲ့ချုပ် အသီးသီးမှ ကိုယ်စားလှယ်များက အထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ကြသည်။

ရန်ကုန်တက္ကသိုလ် ကင်းထောက်လူငယ်မောင်မယ်များက ငြိမ်းချမ်းရေး သံတမန်များ တေးသီချင်းဖြင့် သီဆိုသရုပ်ဖော်ကာ မြန်မာကင်းထောက်ရာပြည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတကာ ကင်းထောက်အဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသား ပညာရေး မူဝါဒကော်မရှင်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ ကင်းထောက်ကြီး သူရဦးတင်ဦး အမှူးပြုသည့် ကင်းထောက်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသား ကင်းထောက်အဖွဲ့နှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့တို့မှ အဖွဲ့ဝင်များ၊ ကင်းထောက်အကျိုးဆောင်အဖွဲ့ဝင်များ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်ဆရာများနှင့် ကင်းထောက်များ၊ ဆုရကင်းထောက်များ၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့၊ မြန်မာနိုင်ငံရေကြောင်းလူငယ်အဖွဲ့နှင့် မြန်မာနိုင်ငံ လေကြောင်းလူငယ်အဖွဲ့တို့မှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံကင်းထောက်ကော်မတီ၊ နိုင်ငံတကာ ကင်းထောက်အဖွဲ့ချုပ်များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ငယ်စဉ်ကင်းထောက်ဘဝက ငယ်ပေါင်းကြီးဖော် ကင်းထောက်များ၊ မျိုးဆက်သစ်ကင်းထောက်လူငယ်မောင်မယ်များ၊ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ်၌ ရပ်ဆိုင်းခဲ့ပြီး နှစ်ပေါင်း ၄၈ နှစ်အကြာ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ၂၀၁၆ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံ ၁၆၃ နိုင်ငံက မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့အား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် ၁၆၄ မြောက် နိုင်ငံအဖြစ် ကန့်ကွက်မဲမရှိ အတည်ပြုခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လစ်ဗျားပြည်တွင်းလေကြောင်း လေယာဉ်တစ်စင်းပြန်ပေးဆွဲခံရ ပျံသန်းမှုလမ်းကြောင်းပြောင်းကာ မော်လ်တာကျွန်းတွင်ဆင်းသက်




**ဗယ်လက်တာ ဒီဇင်ဘာ ၂၃**

လစ်ဗျားနိုင်ငံတွင် ပြည်တွင်းလေကြောင်းခရီးစဉ် ပျံသန်းနေသည့် ခရီးသည်တင် လေယာဉ် တစ်စင်း အပိုင်စီးခံရကာ လမ်းကြောင်းပြောင်းလဲပျံသန်းခဲ့ရပြီး မော်လ်တာကျွန်းနိုင်ငံ၌ ဆင်းသက်ခဲ့ကြောင်း မော်လ်တာသတင်းဌာနများက ဒီဇင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ခရီးသည် ၁၁၈ ဦးလိုက်ပါလာသည့် အဲဘတ်စ် အေ-၃၂၀ အမျိုးအစား ခရီးသည်တင် လေယာဉ်ကို အပိုင်စီးသူ နှစ်ဦးက ဖောက်ခွဲပစ်မည်ဟု ခြိမ်းခြောက်ကာ ပြန်ပေးဆွဲခဲ့ကြောင်း၊ တိုင်းအော့ဖ်မော်လ်တာ သတင်းစာတိုက်တာဝန်ရှိသူများက ပြောကြားသည်။ အဆိုပါ လေယာဉ်သည် လစ်ဗျားနိုင်ငံ အနောက်တောင်ပိုင်း ဆီဘားမြို့မှ မြို့တော် ထရီပိုလီသို့ ပျံသန်းလာစဉ် ပြန်ပေးဆွဲခဲ့ရခြင်းဖြစ်သည်။ ယင်းလေယာဉ်သည် နိုင်ငံပိုင်အာဖရိကွီယက် လေကြောင်းလိုင်းမှ ဖြစ်သည်။

မြေထဲပင်လယ်တွင်းရှိ သေးငယ်သော ကျွန်းနိုင်ငံဖြစ်သည့် မော်လ်တာသည် လစ်ဗျား နိုင်ငံ၏ မြောက်ဘက်ကမ်းခြေမှ ကီလိုမီတာ ၅၀၀ (မိုင် ၃၀၀ ခန့်) အကွာတွင် တည်ရှိသည်။

လစ်ဗျားနိုင်ငံ ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ပြန်ပေးဆွဲခံရသည် ဟူသော အခြေအနေတွင်ရှိနိုင်ကြောင်း သတင်းများရရှိပြီး မော်လ်တာသို့ လမ်းကြောင်း ပြောင်းပျံသန်းခဲ့ကြောင်း၊ မော်လ်တာဝန်ကြီးချုပ် ဂျိုးဇက်မူစကက်က ၎င်း၏ အင်တာနက် တွစ်တာ စာမျက်နှာတွင်ရေးသားခဲ့ပြီး လုံခြုံရေးနှင့် အရေးပေါ်လုပ်ငန်းများဆောင်ရွက်ရန် အသင့်ရှိကြောင်း ဖော်ပြခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်၏ နျူကလီးယားမူဝါဒအပြောင်းအလဲ ပြုလုပ်သွားရဖွယ်ရှိကြောင်း ထရန့် ယူဆ

**ဝါရှင်တန် ဒီဇင်ဘာ ၂၃**

အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က သမ္မတဘာရက်အိုဘားမား ကျင့်သုံးခဲ့သည့် နျူကလီးယားကင်းစင်သည့် ကမ္ဘာကြီးတည်ဆောက်ရေးမူဝါဒမှ အမေရိကန်နိုင်ငံ၏ နျူကလီးယားလက်နက်ရေးရာမူဝါဒကို အပြောင်းအလဲပြုလုပ်သွားရဖွယ်ရှိသည်ဟု ဆိုသည်။

"နျူကလီးယားနှင့်ပတ်သက်၍ ကမ္ဘာကလက်ခံလာသည့်အချိန်အထိ အမေရိကန်နိုင်ငံ အနေဖြင့် နျူကလီးယားလက်နက်အင်အားတောင့်တင်းနေရမည်ဖြစ်ပြီး နျူကလီးယားစွမ်းရည် ကိုလည်း တိုးချဲ့မြှင့်တင်နေရမည်"ဟု ထရန့်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ကြာသပတေး နေ့က ရေးသားဖော်ပြခဲ့သည်။

ငြိမ်းချမ်းမှုကိုထိန်းသိမ်းထားနိုင်ရန် အမေရိကန်နိုင်ငံ၏ ဟန့်တားနိုင်မှုစွမ်းရည် ခေတ်မီ တိုးတက်နေရန်လိုအပ်ကြောင်း ထရန့်က ဆိုလိုခြင်းဖြစ်ကြောင်း ထရန့်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရုရှားနိုင်ငံ၏နျူကလီးယားလက်နက်ခေတ်မီအဆင့်မြင့်နေစေရန် ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ၎င်း၏ စစ်ဘက်အရာရှိများကို ပြောကြားပြီးနောက်တစ်နေ့တွင် ထရန့်၏ အယူအဆ တွစ်တာစာမျက်နှာပေါ်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ အချို့သော အမေရိကန်သတင်း မီဒီယာများက ထရန့်၏ မှတ်ချက်စကားသည် ပူတင်၏ ပြောဆိုချက်ကို တုံ့ပြန်ခြင်းဖြစ်သည်ဟု ဆိုသည်။

ထရန့်သည် ရွေးကောက်ပွဲကာလတွင် အများဂရုပြုလေးစားအောင် စွမ်းဆောင်နိုင်ခဲ့ သူဖြစ်ပြီး အမေရိကန်နိုင်ငံ၏ နျူကလီးယားစွမ်းရည်ခေတ်မီတိုးတက်မှုသည် ရုရှားနိုင်ငံထက် နောက်ကျနေသည်ဟု သတင်းမီဒီယာများက မှတ်ချက်ပြုသည်။

ထရန့်၏ မှတ်ချက်စကားသည် အမေရိကန်နိုင်ငံ၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေး မူဝါဒအပေါ် အပြောင်းအလဲဖြစ်ပေါ်လာနိုင်မလားဟု လေ့လာသူများက သုံးသပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

# မြို့ကိုဆုတ်ခွာသွားသော ဆီးရီးယားသူပုန်များ အလက်ပိုမြို့ကို အမြောက်ဖြင့်ပစ်ခတ်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၃**

ဆီးရီးယားနိုင်ငံ အလက်ပိုမြို့၌ သူပုန်များက ၎င်းတို့ထိန်းချုပ်ခဲ့သည့် နောက်ဆုံးနယ်မြေမှ ရုပ်သိမ်းထွက်ခွာသွားခဲ့ပြီးနောက် တစ်ရက် အကြာတွင် ယင်းမြို့ကို သူပုန်များက အမြောက် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဒီဇင်ဘာ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။

အလက်ပိုမြို့ အနောက်တောင်ဘက် အယ်လ်ဟမ်ဒါနီယာအရပ်သို့ အမြောက်ကျည် ၁၀ လုံးခန့် ကျရောက်ခဲ့ကြောင်း ဆီးရီးယား လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်အား ဖြုတ်ချနိုင်ရန် ကြိုးပမ်းနေကြသောသူပုန်များသည် အလက်ပိုမြို့၏ အစိုးရထိန်းချုပ်ရာနေရာဒေသများကို မကြာခဏ အမြောက်လက်နက်ကြီးဖြင့် ပစ်ခတ်လေ့ရှိကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

**ရိုက်တာ။**

# ဘာလင်ခရစ္စမတ်ဈေးခင်း၌ အကြမ်းဖက်တိုက်ခိုက်ခဲ့သူ ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုအတွင်းသေဆုံး




**ဘာလင် ဒီဇင်ဘာ ၂၃**

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ခရစ္စမတ်ဈေးခင်းအား ထရပ်ကားဖြင့် ဝင်ရောက်တိုက်ကာ အကြမ်းဖက်ခဲ့သူအဖြစ် မသင်္ကာရသူအမျိုးသားသည် အီတလီနိုင်ငံမြောက်ပိုင်း မီလန်မြို့ ဆင်ခြေဖုံးဒေသတစ်နေရာ၌ ဒီဇင်ဘာ ၂၃ ရက် အရုဏ်မတက်မီအချိန်က ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်မှုတွင် သေဆုံးသွားကြောင်း အီတလီ ပြည်ထဲရေးဝန်ကြီး မာကို မင်နစ်တီက ပြောကြားလိုက်သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုတွင် သေဆုံးခဲ့ရသူမှာ ဘာလင်အကြမ်းဖက်မှုအတွက် သင်္ကာမကင်းခံရသူ အေးနစ်အမ်မရီဖြစ်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီးက အသက် ၂၄ နှစ်အရွယ် တူနီးရှားလူမျိုးကို ရည်ညွှန်း၍ ပြောကြားသည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ဒီဇင်ဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ၁၂ ဦး သေဆုံးခဲ့ရသည်။

အမ်မရီသည် အီတလီနိုင်ငံ မီလန်မြို့ မြောက်ဘက် ဆက်စတိုဆန်ဂိုဗန်နီ ဘူတာရုံ ရှေ့တွင် လှည့်ကင်းထွက်လာသော ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ပက်ပင်းတိုးခဲ့ကြောင်း၊ ၎င်းကို စစ်ဆေးရန် ရပ်တန့်ခိုင်းသော်လည်း ၎င်းက သေနတ်ဆွဲထုတ်ကာ ပစ်ခတ်ခဲ့ရာမှ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဝန်ကြီး မင်နက်တီက ပြောကြားသည်။

လူငယ်ရဲသားလေးနှစ်ဦးက မိမိတို့၏ ရပ်ရွာလုံခြုံရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြောင်း၊ ရဲသားလေးတစ်ဦးမှာ အလုပ်ဝင်ခါစသာဖြစ်ပြီး အစမ်းခန့်ကာလတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း ဝန်ကြီး မင်နက်တီက ပြောကြားသည်။ အပြန်အလှန် ပစ်ခတ်မှုတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးဒဏ်ရာရခဲ့သည်။

အမ်မရီသည် မီလန်မြို့ ဧရိယာအတွင်း၌ ရောက်ရှိနေနိုင်သည်ဟု ရဲတပ်ဖွဲ့က သတင်း ရရှိခဲ့သဖြင့် ကင်းလှည့်မှုများကို တိုးမြှင့်ပြုလုပ်ခဲ့ကြောင်း ဝန်ကြီး မင်နက်တီက ပြောကြား သည်။

**ရိုက်တာ။**



# ယခုနှစ်အတွင်း သစ်တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံရရှိမည်ဟု ဗီယက်နမ်ခန့်မှန်း

**ဟန္နိုင်း ဒီဇင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံ၏ သစ်နှင့်သစ်မာတင်ပို့မှုဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃ ဘီလီယံ အထိ ရောက်ရှိမည်ဟု ခန့်မှန်းတွက်ချက်ထားပြီး တစ်နှစ်ထက်တစ်နှစ် တစ်ရာခိုင်နှုန်း တိုးတက် လာကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန(MARD)က ယနေ့ ပြောကြား သည်။

သစ်ပို့ကုန်များအနက် သစ်ခွဲသားမှာ အရေးပါသောထုတ်ကုန်အဖြစ် ရှိနေဆဲဖြစ်ပြီး တရုတ်နိုင်ငံမှာ အဓိကတင်ပို့သောနိုင်ငံအဖြစ် ဆက်လက်ရှိနေသည်။ သို့သော်လည်း ဗီယက်နမ် နိုင်ငံ၏ သစ်ခွဲသားတင်ပို့မှုမှာ ဈေးနှုန်းအရ ထိုင်း၊ ဩစတြေးလျနှင့် အာဖရိကနိုင်ငံအချို့၏ ယှဉ်ပြိုင်မှုကို ရင်ဆိုင်နေရကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သစ်တော အုပ်ချုပ်ရေးဌာနမှ ဒုတိယအကြီးအကဲ ငုယင်ဘာဂိုင်က ပြောကြားသည်။

သစ်ပို့ကုန်အရည်အသွေး မြင့်တက်လာစေရန်နှင့် သစ်တောအရင်းအမြစ်များထိန်းချုပ်ရန် ဗီယက်နမ်နိုင်ငံအနေဖြင့် စိုက်ပျိုးသစ်တောများ၏အရည်အသွေး တိုးတက်လာစေရန် လိုအပ် ကြောင်း ငုယင်အားကိုးကား၍ ဒေသန္တရအွန်လိုင်းသတင်းစာ Ha Noi Moi (New Honoi) က ရေးသားဖော်ပြသည်။

သစ်တောအုပ်ချုပ်ရေးဌာန၏အဆိုအရ ယနေ့အချိန်အထိ ဗီယက်နမ်နိုင်ငံ၏ သစ်စိုက်ခင်း ဧရိယာမှာ ၁၂၇၇၄၇ ဟက်တာရှိပြီး ယင်းအနက် ၈၄ ရာခိုင်နှုန်းမှာ အရည်အသွေးမီမျိုးစေ့ ရင်းမြစ်များဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ။**

# နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ခရစ်တော်မွေးနေ့အကြို ဓမ္မတေးသီချင်းများဖြင့်ဖျော်ဖြေ၊ မေတ္တာပို့ကောင်းချီးပေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းကောင်းချီးပေးကြသည်။**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဇနီး ဒေါ်စုစုလွင်နှင့် မိသားစုတို့အား မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များမိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက ခရစ်တော်မွေးနေ့အကြိုအဖြစ် လာရောက်ဆုတောင်းကောင်းချီးပေးကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများက နိုင်ငံတော်သမ္မတ၊ ဇနီးနှင့်မိသားစုတို့အား နှုတ်ခွန်းဆက်သကြပြီး ခရစ်တော်မွေးနေ့အကြို ဓမ္မတေးသီချင်းများကို သီဆိုကြသည်။

ထို့နောက် ဓမ္မဆရာ ဦးမောင်မောင်လှက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံတော်သမ္မတတို့အတွက် မေတ္တာပို့ ဆုတောင်းကောင်းချီးပေးသည်။

**ခရစ္စမတ်လက်ဆောင်ပေးအပ်**

ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်း၊ အထွေထွေအတွင်းရေးမှူးရုံးမှ ဒေါ်တင်တင်ထွေး ဦးဆောင်၍ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူ ၂၁ ဦးသည် ခရစ္စမတ်အကြို ဓမ္မတေးသီချင်းများကို သီဆိုဖျော်ဖြေရာ၌ "Joy to the world"၊ "Rudolph"၊ "Jingle Bells" နှင့် "ဖွားတော်မူခြင်း" သီချင်းများကို သီဆို၍ မေတ္တာပို့ဆုတောင်း ကောင်းချီးပေးကြပြီး နိုင်ငံတော်သမ္မတကို ခရစ္စမတ်လက်ဆောင် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့က မြန်မာနိုင်ငံ ခရစ်ယာန် မျက်မမြင်များ မိတ်သဟာယ (ရန်ကုန်) ခဝဲခြံမျက်မမြင်ကျောင်းမှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများဖြင့် ပြန်လည်ဧည့်ခံကျွေးမွေးခဲ့သည်။

**(သတင်းစဉ်)**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနေအိမ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သိက္ခာတော်ရ ဆရာတော် DR. J. Ral Buai က ဓမ္မဂုဏ်တော်ချီးမွမ်းပြီး ဆုတောင်းမေတ္တာပို့သသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် Jesse Van Bawi နှင့် Jennifer Par တို့က တေးသီချင်းဖြင့် ဘုရားသခင်၏ ဂုဏ်တော်အား ချီးမွမ်းသီဆိုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ပေးပို့သည့် ခရစ္စမတ်နှုတ်ခွန်းဆက် သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ခရစ္စမတ်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သိက္ခာတော်ရ ဆရာတော် စိုင်းကျော်တင့်က ခရစ္စမတ်ဒေသနာတော်ကို ဟောကြားပြီး သိက္ခာတော်ရဆရာတော် ဒေါက်တာ အောင်မန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများအတွက် မေတ္တာပို့ ဆုတောင်းသည်။



နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနေအိမ်၌ ကျင်းပသည့် ခရစ္စမတ်ပွဲတော်နှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ကြစဉ်။(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ခရစ်တော်မွေးနေ့ မိတ်သဟာယညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက ခရစ္စမတ် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာရွှေလွှမ်း၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန်းကြင်ကြည်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ဇနီး ဒေါ်ဌေးရီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ လွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရစ်ယာန် အသင်းတော်များမှ သင်းအုပ်ဆရာတော်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# အမေရိကန်နိုင်ငံရေး၏ ကမ္ဘာ့စီးပွားရေးနှင့် မြန်မာ့စီးပွားရေးအပေါ် သက်ရောက်မှုများ

## ဒေါက်တာဝါဝါမောင်

၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့်အောင်ပွဲခံခဲ့ပြီး နောက်ပိုင်းကတည်းက ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးနှင့် သက်ဆိုင်ရာနိုင်ငံများ၏ နိုင်ငံခြားငွေလဲလှယ်နှုန်းများအပေါ် သက်ရောက်မှုများရှိခဲ့သည်။ ကမ္ဘာမှ Trump Factors ဟု ခေါ်ဝေါ်ကြသည်။ သို့ဖြစ်ပါ၍ အမေရိကန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲရလဒ်သည် ကမ္ဘာ့စီးပွားရေးအဆောက်အအုံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုပုံသဏ္ဍာန် (International Trade Patterns) နှင့် ကမ္ဘာလုံးဆိုင်ရာ ငွေကြေးစနစ် (Global Monetary System) စသည်တို့အပေါ် ကြီးမားသောသက်ရောက်မှုကို ဖြစ်ပေါ်စေသည်။

ထရမ့်နှင့် ရီပတ်ဘလစ်ကန်ပါတီသည် ဒီမိုကရက်တစ်ပါတီ ကျင့်သုံးခဲ့သည့် စီးပွားရေးမူဝါဒများကို မလွဲမသွေအပြောင်းအလဲများ ပြုလုပ်သွားမည်ဟု ဆိုသည်။ ရီပတ်ဘလစ်ကန်ပါတီအုပ်ချုပ်ခဲ့သည့် ယခင်ကာလများအား ပြန်လည်လေ့လာကြည့်ပါလျှင် ၁၉၈၀ ခုနှစ်များ၌ ရော်နယ်ရေဂင် အုပ်ချုပ်စဉ်က ဒေါ်လာငွေကြေး ခိုင်မာတောင့်တင်းခဲ့ပါသည်။ ၂၀၀၀ ခုနှစ်များက ဂျော့ချ်ဒဗလျူဘွတ်ရှ် အုပ်ချုပ်မှုစတင်စဉ်မှာလည်း ဒေါ်လာငွေကြေး တောင့်တင်းခဲ့ပါသည်။ နောက်ပိုင်းတွင်သာ အခွန်နှုန်းများ လျှော့ကျခဲ့ခြင်းကြောင့် ပြန်လည်အားလျော့ခဲ့သည်များရှိခဲ့သည်။


ကုန်သွယ်ရေးပိုင်းကို ကြည့်မည်ဆိုပါကလည်း အမေရိကန်သည် ကုန်သွယ်မှုလိုငွေ အလွန်များပြားလျက်ရှိနေသည်။ ပြည်တွင်းကြွေးမြီများလည်း ရှိနေသဖြင့် **ထရမ့်သည် ပြတ်ပြတ်သားသားနှင့် အမေရိကန်အသာစီးရစေမည့် ကုန်သွယ်မှုမူဝါဒများအား ပြောင်းလဲကျင့်သုံးပြီး ယခုလက်ရှိ မူဝါဒများအား ပြန်လည်စိစစ်ရန် လမ်းညွှန်ထားပြီး**ဖြစ်သည်။

အမေရိကန်နိုင်ငံသည် နှစ်စဉ် ဒေါ်လာဘီလီယံ ၅၀၀ ခန့် ကုန်သွယ်မှုလိုငွေပြလျက်ရှိသည်။ သို့ဖြစ်ပါ၍ အမေရိကန်သည် ကုန်သွယ်မှုမူဝါဒများကို ပြန်လည်စိစစ်ပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရေး၊ စက်ရုံများ ပြည်တွင်းသို့ ပြန်လာစေရေးနှင့် ပြည်တွင်းအလုပ်အကိုင် ဖန်တီးနိုင်ရေးကို ဦးစားပေးတော့မည်ဖြစ်သည်။ အမေရိကန်၏ ကုန်သွယ်မှုလိုငွေလျှော့ချခြင်းသည် ကမ္ဘာ့စီးပွားရေးနယ်ပယ်အတွင်းတွင် လည်ပတ်နေမည့် ဒေါ်လာငွေကြေးပမာဏအား လျော့နည်းသွားစေမည့် အချက်တစ်ချက်ဖြစ်ပြီး ဒေါ်လာငွေကြေး ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

အခြားတစ်ဖက်တွင်မူ **ရီပတ်ဘလစ်ကန်ပါတီဝင်အချို့သည် ဒေါ်လာငွေကြေးခိုင်မာစေသည့် မူဝါဒ (Strong Dollar Policy)အား ပြတ်ပြတ်သားသားထောက်ခံနေကြသကဲ့သို့ ပါတီကလည်း ၂၀၁၆ ခုနှစ်အတွင်း တည်ငြိမ်သည့် တန်ဖိုးရှိစေရန် ပုံသေတန်ဖိုး (Fixed Value) သတ်မှတ်ရန် အခိုင်အမာပြောဆိုနေကြပြီဖြစ်သည်။** အမေရိကန်နိုင်ငံ၏ ဗဟိုဘဏ် (the US Federal Reserve) သည်လည်း နည်းပညာပိုင်းအရ ဗဟိုအစိုးရအဖွဲ့နှင့် မသက်ဆိုင်သည့် သီးခြားအဖွဲ့အစည်းဖြစ်သော်လည်း မကြာမီအချိန်အတွင်း ရီပတ်ဘလစ်ကန်ပါတီက ခန့်အပ်တာဝန်ပေးတော့မည့် ပုဂ္ဂိုလ်အပေါ် လွှမ်းမိုးမှုရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ နိုင်ငံများ၏ထားရှိသော အရန်ငွေကြေးမှာ အများအားဖြင့် အမေရိကန်ဒေါ်လာဖြစ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများအတွက် အမေရိကန်ဒေါ်လာရောင်းလိုအားကို ဖန်တီးပေးမည့် တစ်ခုတည်းသော အဖွဲ့အစည်းမှာ the US Federal Reserve ပင် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံရေးဖိအားပေးပြီး **“Easy Money and Loose Credit” ကို ဖယ်ရှားပယ်ပျောက်စေပြီး နှစ်ပေါင်းများစွာတိုင်အောင် “သုည”သို့ ရောက်ရှိနေသည့် အတိုးနှုန်းကို တိုးမြှင့်ပေးရန် စီစဉ်မည်**ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ထရမ့်အုပ်ချုပ်မှုလက်ထက်တွင် ငွေကြေးချုံ့မူဝါဒ (Tightening Monetary Policy)ကို ကျင့်သုံးတော့မည်ဟု တပ်အပ်ပြောနိုင်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် **အမေရိကန်နိုင်ငံအတွက်တော့ မြင့်တက်နေသည့် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်သည့် ကောင်းမွန်သောအစီအမံဟု ဆိုနိုင်သော်လည်း အမေရိကန်ဒေါ်လာတန်ဖိုးမှာ ပြန်ဦးမော့လာနိုင်မည်ဖြစ်၍ ကျန်ကမ္ဘာ့နိုင်ငံများအတွက် အမေရိကန်ဒေါ်လာနှင့် ယှဉ်ပါက ငွေကြေးတန်ဖိုးကျလာခဲ့ပါသည်။** ပုံ (၁) Bloomberg အချက်အလက်များအရ **ကမ္ဘာ့အဓိကငွေကြေးများဖြစ်သည့်ယူရိုနှင့်ဂျပန်ယန်းများသည် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက တန်ဖိုးများ ကျဆင်းလျက်ရှိသည်။**

ပုံ(၁)ကမ္ဘာ့အဓိကငွေကြေးများအပေါ် အမေရိကန်ဒေါ်လာ၏ သက်ရောက်မှု Reactions in Major Global Currencies





ဒေါ်နယ်ထရမ့် အောင်ပွဲခံခဲ့ပြီးနောက်ပိုင်းကတည်းက အာရှနိုင်ငံများ၏ ငွေကြေးတန်ဖိုးသည် ဆက်တိုက်ကျဆင်းလာခဲ့ရာ **သက်ရောက်မှုအများဆုံး နိုင်ငံများမှာ ဂျပန်နိုင်ငံ၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နှင့် ကိုရီးယားနိုင်ငံတို့ဖြစ်**သည်။ ပုံ(၂)အရ **Asian Dollar Index တွင် တရုတ်နိုင်ငံငွေကြေးယွမ်၊ ဟောင်ကောင် ဒေါ်လာ၊ အင်ဒိုနီးရှား ရူပီး၊ အိန္ဒိယ ရူပီး၊ ကိုရီးယားဝမ်၊ မလေးရှား ရင်းဂစ်၊ ဖိလစ်ပိုင် ပီဆို၊ စင်ကာပူ ဒေါ်လာနှင့် ထိုင်ဝမ်ဒေါ်လာ၊ ထိုင်း ဘတ်ငွေတို့ အကျုံးဝင်ပြီး Asian Dollar Index အနေဖြင့် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့မှစတင်၍ ဆက်တိုက်ကျဆင်းလျက်ရှိသည်။**

ပုံ (၂) အာရှဒေါ်လာ ညွှန်ကိန်း




ပုံ(၃) အရ **အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ စသည့် အာဆီယံနိုင်ငံ (၅)နိုင်ငံ၏ အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးနှင့် နှိုင်းယှဉ်ပါက တန်ဖိုးများ ကျဆင်းလျက်ရှိ**သည်။

ပုံ(၃) အာဆီယံနိုင်ငံ (၅)နိုင်ငံ၏ ငွေကြေးများ ( Asean-5 Currencies)





EXCHANGE RATE

| | 2015 close | Previous wk's close | 12-Dec | 13-Dec | % change | 2016 YTD (%chg) |
|---|---|---|---|---|---|---|
| China | 6.49 | 6.91 | 6.91 | 6.90 | 0.06 | -5.92 |
| Hong Kong, China | 7.75 | 7.76 | 7.76 | 7.76 | -0.01 | -0.10 |
| Indonesia | 13,788.00 | 13,319.00 | 13,311.00 | 13,325.00 | 0.05 | 3.47 |
| Japan | 120.22 | 115.32 | 115.02 | 115.38 | -0.31 | 4.19 |
| Korea | 1,175.06 | 1,165.93 | 1,168.30 | 1,166.93 | 0.12 | 0.70 |
| Malaysia | 4.29 | 4.4245 | 4.4245 | 4.4363 | -0.27 | -3.20 |
| Philippines | 46.91 | 49.76 | 49.88 | 49.80 | 0.18 | -5.80 |
| Singapore | 1.42 | 1.43 | 1.42 | 1.43 | -0.21 | -0.56 |
| Thailand | 36.03 | 35.67 | 35.59 | 35.58 | 0.03 | 1.26 |
| Vietnam | 22,485.00 | 22,563.00 | 22,628.00 | 22,701.00 | -0.32 | -0.95 |

Note: Negative values indicate depreciation and positive values indicate appreciation.


ပုံ (၄)အရ အမေရိကန်နိုင်ငံ၏ Fed ရန်ပုံငွေဖြစ်နိုင်ခြေများ ပြောင်းလဲလျက်ရှိပြီး ၎င်းအပေါ်မူတည်၍ Federal Open Market Committee ၏ နှုန်းများ ပြောင်းလဲလျက်ရှိသည်။ ပုံ (၅)အရ Fed ရန်ပုံငွေနှုန်းများသည် မြင့်တက်လျက်ရှိပြီး ဂျပန်နိုင်ငံ၏ Bank of Japan နှင့် European Central Bank တို့တွင် Policy Balance Rate များ ကျဆင်းလျက်ရှိသည်။

ပုံ (၄) Rate Hike Probability Based on Fed Fund Futures




ကမ္ဘာ့နိုင်ငံများတွင် သက်ရောက်မှုရှိသည့်နည်းတူ မြန်မာ့စီးပွားရေးတွင်လည်း ဒေါ်လာဈေးသည် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ၁၄၃၉ ကျပ်နှင့် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ၁၄၀၉ ကျပ်အထိ တက်လာခဲ့သဖြင့် ယခုနှစ်များအတွက် စံချိန်သစ်တစ်ခုသဖွယ်ဖြစ်လာခဲ့ပြီး အလားတူ ဈေးနှုန်းတက်ခြင်းမျိုးသည် ၂၀၀၇ ခုနှစ်တွင် တစ်ကြိမ်ဖြစ်ပေါ်ခဲ့သည်။ ကျပ်နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ နိုင်ငံခြားငွေလဲလှယ်နှုန်း

ပုံ(၅) ငွေကြေးမူဝါဒများကွာဟလာမှု (Widening G3 Monetary Policy Divergence)




စနစ် စတင်ပြောင်းလဲစဉ်က အမေရိကန် ၁ ဒေါ်လာလျှင် ငွေကျပ် ၈၂၀ ရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၈၅၄ ကျပ်မှ ၉၈၇ ကျပ်အတွင်း၊ ၂၀၁၄ ခုနှစ်တွင် ၉၈၇ ကျပ်မှ ၁၀၂၆ ကျပ်အတွင်း၊ ၂၀၁၅ ခုနှစ်တွင် ၁၀၂၅ ကျပ်မှ ၁၃၀၉ ကျပ်အတွင်း ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလ ၂၈ ရက်အထိ ၁၃၀၇ ကျပ်မှ ၁၄၆၇ ကျပ်အတွင်း၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ ဒီဇင်ဘာလ၏ ပျမ်းမျှငွေလဲလှယ်နှုန်းမှာ ၁၃၈၇ ကျပ်ဖြစ်ပါသည်။ **မူလကတည်းက တက်နေသည့် အရှိန်သည် ယခုလပိုင်းအတွင်း ကျပ်ငွေတန်ဖိုးကျဆင်းမှုသည် ၃ လအတွင်း ၅ ဒသမ ၆၈ ရာခိုင်နှုန်းအထိ ရှိလာခဲ့**သည်။ မြန်မာနိုင်ငံအနေဖြင့် မိမိငွေပျော့နေချိန်တွင် ပို့ကုန်များအား တိုးတက်တင်ပို့နိုင်အောင် ကြိုးစားနိုင်မှသာလျှင် လက်ရှိဖြစ်ပေါ်နေသော ဒေါ်လာဈေးနှုန်းမှ အကျိုးအမြတ်ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ငွေကြေးသည် မူလကငွေကြေးဖောင်းပွနေခဲ့သည့်အရှိန်အပြင် ပြင်ပမှသက်ရောက်လာသည့် အင်အားစုများတည်ရှိသည့်အတွက် လက်ရှိအခြေအနေများအား ကုစားနိုင်ရန် ရေတိုရေရှည်နည်းလမ်းများ ဖော်ထုတ်ကာ ဖြေရှင်းရန်ဖြစ်ပါသည်။

ရီပတ်ဘလစ်ကန်ပါတီနှင့် ထရမ့်၏ စီးပွားရေးမူဝါဒများအရ **အခွန်အခပိုင်းမှာမူ ကော်ပိုရိတ်အခွန်အခ (Corporate Tax) ကို လျှော့ချရန်** အဆိုပြုထားပါသည်။ ထရမ့်သည်လည်း အမေရိကန်နိုင်ငံ စီးပွားရေးပြန်လည်ဦးမော့ဖို့ အခွန်အခလျှော့ချသည့်နည်းကို အသုံးပြုမည်ဟု ဆိုသည်။ တစ်ဦးချင်း အခွန်ထမ်းများအတွက် အခွန်အမျိုးအစား ၇ ခု အနက် ၄ ခုကို ပယ်ဖျက်ပေးမည်ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းအခွန်အား လက်ရှိ ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချပေးမည်ဖြစ်ပြီး ပြည်ပရောက် စီးပွားရေးလုပ်ငန်းများကို နိုင်ငံအတွင်းသို့ ပြန်လည်ခေါ်ယူရန် ရည်ရွယ်ပါသည်။ အဆိုပါ မူဝါဒသည် ငွေလဲလှယ်နှုန်းကို သိသိသာသာ သက်ရောက်မှုရှိစေပြီး ပြည်ပရောက်နေသည့် ကော်ပိုရိတ်ငွေကြေး (Corporate money)များ အမေရိကန်ပြည်တွင်းသို့ ပြန်လည်စီးဝင်လာစေမည်ဖြစ်သည်။

ထို့အပြင် **ရီပတ်ဘလစ်ကန်ပါတီသည် အမေရိကန်နိုင်ငံ၏ တရိပ်ရိပ်တိုးပွားနေသည့် ဘတ်ဂျက်လိုငွေပြမှုနှင့် အကြွေးပြဿနာကိုလည်း လျှော့ချရန် လိုလားလျက်ရှိပါ**သည်။ ယခု ၂၀၁၆ ခုနှစ် အတွင်းတွင်ပင် အမြင့်ဆုံးကြွေးမြီရယူမည့်ပမာဏ (Debt Ceiling)သတ်မှတ်ခြင်း၊ အသုံးစရိတ် လျှော့ချခြင်းနှင့် ကြွေးမြီပြန်ဆပ်မှုတိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထရမ့်အနေဖြင့် လွတ်လပ်သောကုန်သွယ်မှုကို ဦးစားမပေးဘဲ အကာအကွယ်ပေးသည့်စနစ် ( Protectionism)ကို ကျင့်သုံးပါက **အမေရိကန်နိုင်ငံအတွက် တန်ပြန်သက်ရောက်မှု (Ripple effect)ကဲ့သို့ ဂရုထားစရာများလည်း ရှိနေမည်**ဖြစ်ပါသည်။ **အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် အပြန်အလှန်သဘောတရားများ ပါဝင်နေသည်။** ထရမ့်အစီအစဉ်အရ တရုတ်သွင်းကုန်ပစ္စည်းများအပေါ် ၄၅ ရာခိုင်နှုန်း သွင်းကုန်ခွန်ကောက်ခံရန်ရှိရာ လက်ရှိခံစားနေသည့် တရုတ်နိုင်ငံမှ တစ်ဝက်တစ်ပျက် ပြီးစီးကုန်စည်များနှင့် သွင်းကုန်များအား အမေရိကန်နိုင်ငံသားများအနေဖြင့် ဈေးသက်သာစွာ ဝယ်ယူထုတ်လုပ်မှု မပြုနိုင်တော့သည့်အပြင် ကုန်သွယ်ဘက်က တုံ့ပြန်မှုများရှိနိုင်သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ထရမ့်၏ စီးပွားရေးမူဝါဒအပေါ် စိုးရိမ်မကင်းဖြစ်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ရီပတ်ဘလစ်ကန်ပါတီသည် **၎င်းနိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကိုသာလျှင် ပြန်ကြည့်တော့မည်ဟု ယူဆရပါ**သည်။ အမေရိကန်နိုင်ငံ၏ စီးပွားရေးကျဆင်းနေမှု အထူးသဖြင့် ကုန်ထုတ်စွမ်းအားကို ပြန်လည်အားကောင်းအောင် ဆောင်ရွက်ပြီး ဖြေလျှော့မှုဆိုသည်ထက် **အမေရိကန်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များအား အကာအကွယ်ပေးသည့်စနစ်ဘက် ပိုယိမ်းမည်**ဖြစ်ပါသည်။ အမေရိကန်နိုင်ငံအနေဖြင့် ပြည်ပနိုင်ငံများအတွက် အသုံးပြုမည့် (အကူအညီ အထောက်အပံ့၊ စစ်အသုံးစရိတ် အပါအဝင်) အသုံးစရိတ်လျှော့ချပြီး **အမေရိကန်နိုင်ငံ၏ အခြေခံအဆောက်အအုံများအား ပြန်လည်ထူထောင်ရန်**ဖြစ်သည်။ **ပြန်လည်တည်ဆောက်ရေးအား စူးစိုက်ဆောင်ရွက်မည်ဖြစ်သည်။** အခြားနိုင်ငံများကို ကူညီပံ့ပိုးနေမှုများအား လျှော့ချပြီး **၎င်းနိုင်ငံ၏ ယိုယွင်းမှုများကို ပြန်ကြည့်မည်**ဟု မျှော်မှန်းနိုင်ပါသည်။ **အမေရိကန်နိုင်ငံသည် ကမ္ဘာကြီးအပေါ် စိတ်ဝင်စားမှုဟူသည်ထက် ၎င်းနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးပြီး ပြည်တွင်းရှေးရှုသည့် မဟာဗျူဟာ ( Inward looking Strategy) ကို ပိုမိုအသုံးပြုလိမ့်မည်**ဟု ယူဆပါသည်။

**စာမျက်နှာ ၁၂ သို့**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေပွဲသို့ တက်ရောက်အားပေး




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဧည့်သည်တော်များ၊ ဂီတပညာရှင်များ၊ အဆိုပညာရှင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန် ဂီတပညာရှင် မစ္စတာ ယာမာ မိုတို ဦးဆောင်သည့် ဂီတပညာရှင်များ၊ ဂီတမိတ် Music Center မှ Choir များ ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် Myanmar National Symphony Orchestra Concert 2016, December ဖျော်ဖြေပွဲကို ယနေ့ည ၆နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးသည်။

ဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ၊ ဂီတမြတ်နိုးသူ ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖျော်ဖြေမှုအစီအစဉ်များ မစတင်မီ ရှေးဦးစွာ နိုင်ငံတော်သံစုံတီးဝိုင်းနှင့် ဂျပန်ဂီတပညာရှင် မစ္စတာ ယာမာမိုတို ဦးဆောင်သည့် ဂီတပညာရှင်များအဖွဲ့က မြန်မာနိုင်ငံတော် သီချင်း သံစဉ် တေးသွားနှင့် ဂျပန်နိုင်ငံတော် သီချင်း သံစဉ်တေးသွားတို့ကို ဦးစွာ တီးခတ်ကြသည်။

ထို့နောက် ဖျော်ဖြေမှုအစီအစဉ်အရ ဖျော်ဖြေတင်ဆက်မှုများကို အပိုင်းနှစ်ပိုင်းခွဲ၍ တင်ဆက်ခဲ့ကြသည်။

ယနေ့ညတွင် ဂန္ထဝင်သံစဉ်တေးသွားများ၊ ခရစ္စမတ်သီချင်းသံစဉ်တေးသွားများ၊ ကာတွန်းသံစဉ်များနှင့် မြန်မာသံစဉ်တေးသွားများဖြစ်သည့် မျှော်လင့်ချက်တစ်စုံတစ်ရာတေးသွား၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း သံစဉ်တေးသွားများကို ရသစုံစုံဖြင့် ကြည်နူးဖွယ်ရာ ဖျော်ဖြေတင်ဆက်ကြပြီး ရင်သပ်ရှုမောဖွယ်ရာ သံစဉ်တေးသွားများကိုလည်း တီးခတ်ဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေတင်ဆက်မှုများ အပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က နိုင်ငံတော်သံစုံ တီးဝိုင်းနှင့်အတူ ဖျော်ဖြေတင်ဆက်သွားကြသည့် ဂျပန်ဂီတပညာရှင် မစ္စတာ ယာမာမိုတိုနှင့် စန္ဒရားပညာရှင်တို့အား ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အမှတ်တရပန်းစည်း ပေးအပ်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအား လည်းကောင်း၊ ဂျပန်နိုင်ငံ သံအမတ်ကြီးက ဂီတမိတ်မှ အဆိုရှင်များအားလည်းကောင်း အမှတ်တရပန်းခြင်းနှင့် ပန်းစည်းများ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် ယနေ့ညတွင် ဖျော်ဖြေတင်ဆက်သွားကြသည့် ဂီတပညာရှင်များ၊ အဆိုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

Myanmar National Symphony Orchestra Concert 2016, December ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၇ ရက်က ရန်ကုန်မြို့အမျိုးသားကဇာတ်ရုံတွင် ဖျော်ဖြေတင်ဆက်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုဖျော်ဖြေမှုသည် ဒုတိယအကြိမ်မြောက် ပူးပေါင်းဖျော်ဖြေတင်ဆက်မှုဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၃**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchi နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အာရှနိုင်ငံအသီးသီးတွင် ဂျပန်သံစုံတီးဝိုင်းအဖွဲ့၏ဖျော်ဖြေမှုများ၊ မြန်မာသံစုံတီးဝိုင်းနှင့် တွဲဖက်ဆောင်ရွက်နေမှုများနှင့် လိုအပ်သည့်အကူအညီများပေးနိုင်ရေး၊ ဂျပန်နိုင်ငံမှ National Institute of Information and Communications Technology(NICT)နှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေသည့် Machine Translation Project ကို အကောင်အထည်ဖော်ဆောင်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**❃ ဘင်္ဂလားဒေ့ရှ်မှ**
ည ၁၁ နာရီခွဲတွင် ရောက်ရှိကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားပွဲစား သုံးဦးအား စောင့်ဆိုင်းခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက် နံနက် ၂ နာရီတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားပွဲစားများ မရောက်ရှိသေးသဖြင့် မြန်မာရေပိုင်နက်ထဲသို့ ဝင်ရောက်စဉ် နံနက် ၃ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း သိရသည်။

လှေပေါ်တွင်လိုက်ပါလာသူ ကော့သောင်းမြို့နယ် ရွှေပြည်သာရပ်ကွက်နေ မောင်သာကဲအား စစ်ဆေးမေးမြန်းရာ ထိုင်းနိုင်ငံနေ ဂျာမားဆိုသူက ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မလေးရှားနိုင်ငံသို့ လူများသယ်ဆောင်ရန်အတွက် ခေါက်ကြေးပေးငှားရမ်းခဲ့ပြီး ကျိုက္ခမီမြို့ ဝက်သိုးရပ်ကွက်နေ လှေပိုင်ရှင် ဦးသန့်ဇင်နှင့် ဂျာမားဆိုသူတို့ တိုက်ရိုက်ဆက်သွယ်ခြင်းကြောင့် ငှားရမ်းခမသိရကြောင်း၊ ၎င်းသည် ကိုယ်စားလှယ်သာဖြစ်ပြီး လှေသားတစ်ဦး တစ်ခေါက်လျှင် ငွေကျပ် တစ်သိန်းခွဲ ရရှိကြောင်းနှင့် လှေပေါ်လိုက်ပါမည့်သူ တစ်ဦးလျှင် ဘတ်ငွေ တစ်သောင်းခွဲပေးရမည်ဖြစ်ကြောင်း သိရသည်။

ယခု ခရီးစဉ်သည် လူ ၂၀၀ ခန့်အား တင်ဆောင်ကာ ဘင်္ဂလားဒေ့ရှ်-ထိုင်းနိုင်ငံ တောင်ပိုင်းမှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကာ ထိုင်းနိုင်ငံတောင်ပိုင်းရေပြင်တွင်တစ်ထောက် ရပ်နားမည်ဖြစ်ပြီး မလေးရှားနိုင်ငံရေပြင်သို့ရောက်ရှိချိန်တွင် ဂျာမားဆိုသူက စက်လှေဖြင့်လာရောက်၍ ပါလာသည့်လူများအား လှေဖြင့် ထပ်ဆင့်ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းမိလှေနှင့် တရားခံ ရှစ်ဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းသို့ ဆက်လက်လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးမြင့်သူ | ညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးစိန်ဦး | ညွှန်ကြားရေးမှူးချုပ် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဂ) ဦးစိုးသိန်း | ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဃ) ဦးမင်းလွင် | ညွှန်ကြားရေးမှူးချုပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးနီအောင် အထွေထွေမန်နေဂျာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) ဦးမင်းသူ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုဝန်ကြီးရုံး စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အခွန်အယူခံခုံအဖွဲ့ရုံး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၄)နှင့် အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၄)နှင့် အမျိုးသမီးသူနာပြု သိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ် (၁၄)မှ အကောင်းဆုံးသင်တန်းသားဆုရရှိသူ လွင်မိုး၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဟန်လင်းနိုင်၊ စာပေထူးချွန်ဆုရရှိသူ ဇော်ဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီး သူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁)မှ အကောင်းဆုံး သင်တန်းသူဆုရရှိသူ နုထက်ထက်လှိုင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ မြတ်သက်မွန်၊ စာပေထူးချွန်ဆုရရှိသူ အိသန္တာဖြိုးတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ဆေးတက္ကသိုလ် ပင်မဆောင်ရှိ ဧည့်ခန်းမဆောင်၌ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁၄)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏ မိဘများ၊ အမျိုးသမီးသူနာပြုသိပ္ပံတွဲ့ သင်တန်းအမှတ်စဉ်(၁)မှ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများနှင့် ၎င်းတို့၏မိဘများ အားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သင်တန်းဆောင်ရှိ သူနာပြု ကျွမ်းကျင်မှု လက်တွေ့ခန်းအတွင်း သင်ထောက်ကူပစ္စည်းများဖြင့် လက်တွေ့သင်ကြားမှု အခြေအနေများ၊ General Practical Room, ICU, Paediatric Room နှင့် Labour Room အတွင်း လက်တွေ့သရုပ်ပြ လေ့ကျင့်နေမှုများကို



Common Briefing Room အတွင်း တိုက်ရိုက်ပြသ၍ သင်တန်းသားများအား သင်ကြားပို့ချနေမှု အခြေအနေများနှင့် ဆေးဝါးလက်တွေ့ခန်းအတွင်း ဆေးဝါးများ ထုတ်လုပ်မှု၊ ဆေးဝါးများဓာတ်ခွဲစမ်းသပ်မှုနှင့် အရည်အသွေး စစ်ဆေးမှုဆိုင်ရာ စက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခင်းကျင်းပြသထားသည့် ဘွဲ့ယူကျမ်းများနှင့် သင်ကြားမှုနေ့စဉ်မှတ်တမ်းများ၊ ပြည်တွင်း၊ ပြည်ပ ဆေးပညာပေး ပိုစတာပြိုင်ပွဲများနှင့် ဆေးဘက်ဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် ဆုရရှိခဲ့သည့် ဆေးဘက်သုတေသနဆိုင်ရာ ပိုစတာများကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁၄)နှင့် အမျိုးသမီး သူနာပြု သိပ္ပံတွဲ့သင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမဦးဆုံးအကြိမ်ပြုလုပ်မည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဇန်နဝါရီလမကုန်ခင် စတင်နိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ပထမဦးဆုံးအကြိမ်ပြုလုပ်မည့် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)လက်မှတ်ရေးထိုးထားသော ဒေသများမှ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကိစ္စအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲ၌ ပြုလုပ်ခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ပြုလုပ်မည့် ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို တိုင်းဒေသကြီးအစိုးရက ဦးဆောင်ကျင်းပမည်ဖြစ်သည်။

အစိုးရအစုအဖွဲ့ကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC ) အတွင်းရေးမှူး ဦးလှမောင်ရွှေက "ဒီနေ့အစည်းအဝေး ညှိနှိုင်းမှုအရကတော့ ဇန်နဝါရီ ၂၃ ရက်ကနေ ၂၆ ရက် လောက်အတွင်းမှာ ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် ပြီးစီးအောင် ဆောင်ရွက်ဖို့ပါ။ ဒါကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ပြင်ဆင်နေပါတယ်။ ကြီးကြပ်ရေးကော်မတီ ကိုးဦးပါပါမယ်။ အဲဒီမှာကတော့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကတစ်ယောက်စီ၊ KNU



က တာဝန်ပေးထားသူ သုံးယောက်၊ NLD ကတစ်ယောက်၊ USDPကတစ်ယောက်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီကတစ်ယောက် ပါဝင်ပါမယ်"ဟု ပြောသည်။

ယနေ့ အစည်းအဝေးသို့ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အကြံပေးများ၊ နည်းပညာ အထောက်အကူပြုများ၊ ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တနင်္သာရီတိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီတွင် ပါဝင်မည့် နိုင်ငံရေးပါတီများနှင့် KNU ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

လူမျိုးအလိုက်ကျင်းပမည့် အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲကိုမူ ကရင်ပြည်နယ်တွင် ကျင်းပမည်ဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး-KNU ၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)-KNU/KNLA-PC နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် -DKBA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့သုံးဖွဲ့မှ ဦးဆောင်ကျင်းပမည်ဖြစ်သည်။

ဦးလှမောင်ရွှေက "လောလောဆယ် ကရင်ပြည်နယ်မှာ ညှိနှိုင်းမှုအရ ဇန်နဝါရီ ၁၈ ရက်ကနေ ၂၁ ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ဖို့ ပြင်ဆင်နေပါတယ်။ ကရင်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက်ပါ။ အဲဒီမှာလည်း ကြီးကြပ်မှုကော်မတီမှာ ကိုးဦးပါတယ်။ ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း သုံးဖွဲ့က တစ်ယောက်စီပါမယ်။ အစိုးရ၊ လွှတ်တော်၊ တပ်မတော်က တစ်ယောက်စီနဲ့ နိုင်ငံရေးပါတီတွေဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကတစ်ယောက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ USDP က တစ်ယောက်၊ ကရင်ပြည်သူ့ပါတီ KPP ကတစ်ယောက်ပါတယ်" ဟု ပြောသည်။

နေပြည်တော်တွင် အကြောင်းအရာအလိုက်ကျင်းပမည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ CSO ဖိုရမ်) များနှင့်ပတ်သက်၍မူ "နေပြည်တော်မှာ ကျင်းပမယ့် CSO ဖိုရမ်တွေကလည်း ဇန်နဝါရီလ နောက်ဆုံးပတ်ထဲမှာ ပြီးစီးအောင် ပြုလုပ်နိုင်ဖို့ ပြင်ဆင်နေပါတယ်။ လူစာရင်းတွေ ညှိနေတယ်"ဟု ဦးလှမောင်ရွှေကပြောသည်။

ထို့ကြောင့် ကရင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းသုံးဖွဲ့ပါဝင်သည့် လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျင်းပမည့်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများသည် လာမည့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ မကုန်မီတွင် ကျင်းပနိုင်တော့မည်ဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-Peace Commission**

# နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းနှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသအတွင်း တပ်မတော်စစ်ကြောင်းများက ချီတက်ရှင်းလင်းစဉ် ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် TNLA လက်နက်ကိုင် ၅၀ ခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

တပ်မတော်စစ်ကြောင်းများက မန်တုံမြို့နယ် မန်အီကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၀၀၀ ခန့်အကွာရှိ ပွိုင့်-၁၅၄၃ တောင်ကုန်းသို့ ချီတက်ရှင်းလင်းစဉ် အဆိုပါတောင်ကုန်းအနီးသို့အရောက်၌ TNLA လက်နက်ကိုင် ၅၀ ခန့်က နှစ်နေရာဖြန့်ခွဲ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ကြောင်း။

ထို့နောက် တပ်မတော်စစ်ကြောင်းများက TNLA လက်နက်ကိုင်အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းခဲ့ရာ အဆိုပါတောင်ကုန်း၏တောင်ဘက်မီတာ ၁၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် လက်နက်ကိုင်အဖွဲ့များက ဆွဲမိုင်းသုံးလုံးဖောက်ခွဲ၍ ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ရာ TNLA လက်နက်ကိုင်အဖွဲ့များသည် အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း။

TNLA လက်နက်ကိုင်အဖွဲ့ ဆုတ်ခွာသွားရာနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဖြစ်စဉ်တွင် တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ရပြီး စစ်သည်အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောဒေသ နောက်ဆက်တွဲဖြစ်စဉ်များအား ပြည်တွင်းပြည်ပသတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူ

**နေပြည်တော် ဒီဇင်ဘာ ၂၃**
ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲဖြစ်စဉ်များနှင့် ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်း သတင်းရယူမှုကို ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက်ဆောင်ရွက်ကြသည်။

ယနေ့ နံနက် ၁၀ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးကို အလေးထားပြီး တည်ငြိမ်အေးချမ်းမှုရရှိစေရန် မူဝါဒထားရှိဆောင်ရွက်နေမှု၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အာရုံစိုက်ဆောင်ရွက်နေမှု၊ မူလအနေအထားထက် သာလွန်သည့် အနေအထားရရှိအောင် တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်နေမှု၊ မောင်တောဒေသတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုနှင့် နောက်ဆက်တွဲဖြစ်စဉ်များဖြစ်ပွားမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်နေမှု၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှု ရရှိအောင် ဆောင်ရွက်နေမှု၊ လူမှုအသိုက်အဝန်းများအတွင်း ယုံကြည်မှုရရှိအောင် ဆောင်ရွက်နေမှု၊ ယခုဘဏ္ဍာရေးနှစ် ဖြည့်စွက် ခွင့်ပြုရန်ပုံငွေဖြင့် မောင်တောမြို့နယ်အတွင်း ခမောင်းဆိပ်နှင့် မြင်းလွတ်မြို့များအဖြစ် အုပ်ချုပ်မှုလုပ်ငန်းများတိုးမြှင့်ရန် စီစဉ်ဆောင်ရွက်နေမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းနှင့် ပင်လယ်ငါးဖမ်းလုပ်ငန်းများ ပုံမှန်အနေအထားရရှိရန် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် စစ်တွေမြို့ရှိ ဗျူးပွိုင့်နှင့် ကမ်းနားလမ်း အဆင့်မြှင့်တင်ထားမှုနှင့် ကုလားတန်မြစ်ကြောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့ရှိ ဆတ်ရိုးကျ ကယ်ဆယ်ရေးစခန်းနှင့် သက္ကေပြင်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ညနေပိုင်းတွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့များသည် စစ်တွေမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ပြည်တွင်းပြည်ပ သတင်းမီဒီယာများ သက္ကေပြင်ကယ်ဆယ်ရေးစခန်း၌ သတင်းယူနေကြစဉ်။
(သတင်းစဉ်)

# မောင်တောအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမျိုးသမီးအချို့ အဓမ္မပြုကျင့်ခံရမှု ကောလာဟလနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်အပေါ် သတင်းထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

**မောင်တောမြို့နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အဓမ္မပြုကျင့်ခံရသည်ဟူသည့် ကောလာဟလသတင်းများနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက ယနေ့ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

ယင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ် (ကျီးကန်းပြင်)၊ ကိုးတန်ကောက် ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများကို အောက်တိုဘာ ၉ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက အကြမ်းဖက်စီးနင်း ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးပြီး လက်နက်မျိုးစုံ ၅၁ လက်နှင့် ကျည်မျိုးစုံ ဆုံးရှုံးခဲ့ရကြောင်း၊ ယင်းဖြစ်စဉ်ဖြစ်ပွားပြီးနောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းစစ်ကြောင်းများအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေး၊ ဆုံးရှုံးလက်နက်များနှင့် ကျည်များ ပြန်လည်ရရှိရေး၊ အကြမ်းဖက်သမားများအား ဖော်ထုတ်ရှာဖွေဖမ်းဆီးရေးလုပ်ငန်းများကို တရားဥပဒေနှင့်အညီ မောင်တောဒေသအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများသည် အင်တာနက်နှင့် လူမှုကွန်ရက်များတွင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သော သတင်းများလွှင့်တင်ခြင်း၊ ပြည်ပမီဒီယာအချို့ကလည်း မဟုတ်မမှန် လုပ်ကြံထားသည့် တစ်ဖက်သတ် စွပ်စွဲချက်သတင်းများကို မီဒီယာကျင့်ဝတ်နှင့်မညီဘဲ ထုတ်လွှင့်ခြင်းများ ဆောင်ရွက်၍ အဖျက်သဘောဖြင့် သတင်းဆိုးများကို ဖြန့်ဝေလျက်ရှိကြောင်း ဖော်ပြထားသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်သည် ဒီဇင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ မောင်တောဒေသသို့သွားရောက်၍ စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါခရီးစဉ်အတွင်း ကော်မရှင်အဖွဲ့ဝင် အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် အဖွဲ့ဝင်များသည် ကျေးရွာသူ ကျေးရွာသားများ၊ အမျိုးသမီးများနှင့် ကလေးများကို တွေ့ဆုံကာ အမျိုးသမီးများ အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိကို အသေးစိတ် မေးမြန်းခဲ့သည်။ ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြောင်ပိုက်ကျေးရွာသို့ရောက်ရှိစဉ် မဂျာမာလီဟာနှင့် သီးခြားတွေ့ဆုံ၍ ကိုယ်တိုင်အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိ၊ အခြားအမျိုးသမီးငယ်များကိုလည်း အဓမ္မပြုကျင့်ခံရမှု ရှိ၊ မရှိနှင့် မျက်မြင်ကိုယ်တွေ့သိရှိရခြင်း ရှိ၊ မရှိတို့ကို မေးမြန်းခဲ့ရာ ကိုယ်တိုင်လည်းပြုကျင့်ခံရမှုမရှိကြောင်း၊ အခြားသူများ ပြုကျင့်ခံရမှုကိုလည်း မြင်တွေ့သိရှိခြင်းမရှိကြောင်း ဖြေကြားခဲ့သည်ဟု သိရသည်။

ပြည်တွင်းပြည်ပ မီဒီယာများပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်တွင် မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာသို့ ဒီဇင်ဘာ ၂၁ ရက်က ရောက်ရှိစဉ် ပြောင်ပိုက်ကျေးရွာနေ မဂျာမာလီဟာ (၂၅)နှစ်နှင့် ငါးစားကြူးကျေးရွာနေ ဒေါ်သန်းသန်း(ခ)မနိုရ်ဂျန် (၃၂)နှစ်တို့အား တွေ့ဆုံမေးမြန်းရာ မဂျာမာလီဟာက ၎င်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓမ္မပြုကျင့်ခဲ့ကြောင်း ဖြေကြားခဲ့သည်။

သို့ဖြစ်၍ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေး၊ ကျူးလွန်ခဲ့သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် နစ်နာသူများအား ဥပဒေနှင့်အညီ အကာအကွယ်များ ပေးအပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၂၂ ရက်တွင် တာဝန်ရှိသူများပါဝင်သောအဖွဲ့သည် ပြောင်ပိုက်ကျေးရွာသို့သွားရောက်ကာ ပြောင်ပိုက်ကျေးရွာ ရာအိမ်မှူး ခါလီ၊ စပယ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး မာမတ်အီနူးနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံမေးမြန်းခဲ့ကြောင်း၊ မဂျာမာလီဟာနှင့် ဒေါ်သန်းသန်းတို့သည် ပြောင်ပိုက်ကျေးရွာတွင် နေထိုင်ခြင်းမရှိဘဲ ငါးစားကြူးကျေးရွာတွင် နေထိုင်လျက်ရှိကြောင်း သိရှိရသဖြင့် လာရောက်ရန် ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမပြုဘဲ တိမ်းရှောင်လျက်ရှိသည်ဟု ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရှိရကြောင်း၊ ပြောင်ပိုက်ကျေးရွာရှိ မဂျာမာလီဟာ၏ နေအိမ်အနီးပတ်ဝန်းကျင်နေ အဘူဘော်ရှော့၊ မနူရ်နတ်၊ ရာအိမ်မှူးတို့အား မေးမြန်းရာ အဓမ္မပြုကျင့်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ အဓမ္မပြုကျင့်ခံရသည်ဟု ကျေးရွာအတွင်း မကြားမိကြောင်း၊ ၎င်းအနေဖြင့် သတင်းထောက်များအား မည်သည့်ရည်ရွယ်ချက်ဖြင့် အဓမ္မပြုကျင့်ခံရသည်ဟု ပြောကြားသည်ကို မသိရှိဟု ဖြေကြားခဲ့ကြောင်း၊ မောင်တောခရိုင်အတွင်းရှိ ဒေသခံများအနေဖြင့် အဓမ္မပြုကျင့်ခံရမှုများရှိပါက ဥပဒေနှင့်အညီ အမှုဖွင့်တိုင်ကြားနိုင်ကြောင်း၊ မှန်ကန်မှုရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမှန်တကယ် နစ်နာသူများအား ထိထိရောက်ရောက် အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း ထိုသတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

# တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်းမရှိကြောင်း မီဒီယာများကို ပြောကြားခဲ့သည့် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် ဒီဇင်ဘာ ၂၃**
သတင်းမှန်ထုတ်ပြန်နိုင်ရေးအတွက် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ မြေပြင်ကွင်းဆင်း သတင်းရယူနေသည့် ပြည်တွင်း ပြည်ပမီဒီယာ ၁၃ ဦးပါအဖွဲ့၏ မေးမြန်းမှုများကို ဖြေကြားခဲ့ရာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့က မီးရှို့ခြင်း၊ အဓမ္မပြုကျင့်ခြင်း၊ မတရားဖမ်းဆီးခြင်းမရှိကြောင်း၊ ကျေးရွာများတွင် ရိုဟင်ဂျာဟု လှုံ့ဆော်မှုများရှိကြောင်း မီဒီယာများကို ပြောကြားခဲ့သည့် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးတစ်ဦး ယမန်နေ့က အသတ်ခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်တွင်းပြည်ပ မီဒီယာများပါဝင်သည့် အဖွဲ့ဝင် ၁၃ ဦးသည် ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းတွင် မောင်တောမြို့နယ် ငါးခူရကျေးရွာသို့ရောက်ရှိစဉ် ကျေးရွာစေတနာ့ဝန်ထမ်း စာကြည့်တိုက်မှူးအဖြစ် လုပ်ကိုင်နေသည့် ဒုစ်မာမတ်(ခ)ရှုနာမျာအား ငါးခူရကျေးရွာ အုပ်ချုပ်ရေးမှူးရုံးနှင့် ငါးခူရအလယ်ရွာ လမ်းမပေါ်တွင် သိရှိလိုသည်များကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

သတင်းထောက်များ၏ မေးမြန်းချက်များအား ဖြေကြားခဲ့သူ ဒုစ်မာမတ်(ခ)ရှုနာမျာသည် ညနေ ၆ နာရီတွင် နေအိမ်သို့ပြန်လည်ရောက်ရှိပြီး အဝတ်အစားလဲ၍ ရွာအတွင်းသို့ ပြန်လည်ထွက်ခွာသွားခဲ့ရာ ည ၁၀ နာရီ ၄၅ မိနစ်အထိ နေအိမ်သို့ ပြန်လည်ရောက်ရှိခြင်းမရှိသဖြင့် ဒုစ်မာမတ်(ခ)ရှုနာမျာ၏ အစ်ကိုဖြစ်သူ ဒီလ်မူဟာမတ်က ၎င်း၏ညီ ပျောက်ဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဂျော်ဂျီအောင်ထံ သွားရောက်သတင်းပို့ခဲ့ပြီး အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ငါးခူရနယ်မြေရဲစခန်းသို့ ဆက်လက်အကြောင်းကြားခဲ့သည်။

**ပြန်လည်တွေ့ရှိ**

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လိုက်လံစုံစမ်းလျက်ရှိစဉ် ပျောက်ဆုံးသူ၏ အစ်ကိုဖြစ်သူက ဒိုးတန်းကျေးရွာကြား လယ်ကွင်းချောင်းစပ်နေရာတွင် မသင်္ကာဖွယ်သွေးကွက်များ တွေ့ရှိကြောင်း အကြောင်းကြားချက်အရ သွားရောက်စစ်ဆေးခဲ့ရာ ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဒုစ်မာမတ်(ခ)ရှုနာမျာ၏အလောင်းကို စံပယ်ပင်ရင်းချောင်းထဲတွင် ဦးခေါင်းမပါ၊ ဝဲယာပေါင်နှစ်ဖက်တွင် ဓားထိုးဒဏ်ရာ နှစ်ချက်စီဖြင့် ပြန်လည်တွေ့ရှိခဲ့ကြောင်း သိရှိရသည်။

ဒုစ်မာမတ်(ခ)ရှုနာမျာ အသတ်ခံရမှုနှင့်ပတ်သက်၍ အမှုမှန်ပေါ်ပေါက်စေရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

❑

# ရာတန်ကျေးရွာ၌ ဒီဇင်ဘာ(၂၇)ရက်တွင် လျှပ်စစ်မီးရရှိတော့မည်

**စစ်တွေ ဒီဇင်ဘာ ၂၃**
ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ရာတန်ကျေးရွာ၌ ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ လျှပ်စစ်မီးရရှိတော့မည်ဖြစ်ရာ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ အိမ်သုံးမီတာတပ်ဆင်ထားမှုများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန့်စင်ဦးက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောင်လှဖြူ)**

✱ ကျောဖုံးမှ

ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

လွတ်လပ်ရေးကို တိုင်းရင်းသားအားလုံး တစုတစည်းတည်း ရယူနိုင်ရန် ပင်လုံစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြဆိုခဲ့ကြကြောင်း၊ ယခု (၂၁)ရာစုတွင် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပလျက်ရှိကြောင်း၊ နှစ်ပေါင်းများစွာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရန်အတွက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများဖြင့်သာ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်နည်းလမ်းဖြင့် ဖက်ဒရယ်စနစ်ကို ရောက်ရှိနိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးတံခါးဖွင့်လှစ်ထားကာ တွေ့ဆုံဆွေးနွေးရေးအတွက် ဖိတ်ခေါ်ထားကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်သည် လက်မှတ်ရေးထိုးခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုမှုအရ ပေါ်ပေါက်လာရခြင်းဖြစ်ကြောင်း။

ကျန်ရှိနေသေးသော အဖွဲ့အစည်းများအနေဖြင့် NCA ထိးရိပ်အောက်သို့ အမြန်ဆုံးလာရောက်ကြရန် တိုက်တွန်းလိုကြောင်း၊ NCA ထိုးပြီးနောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူရှိမှု၊ အပြန်အလှန်လေးစားမှုတို့ဖြင့် နိုင်ငံရေးပြဿနာများကို အဖြေရှာကြရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် (၂၁)ရာစုပင်လုံညီလာခံသည် တစ်ခုတည်းသော လမ်းကြောင်းဖြစ်ပါကြောင်း၊ ပါဝင်သင့် ပါဝင်ထိုက်သူအားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် အဓိကမှာ ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ ပင်လုံညီလာခံ၏ ရလဒ်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီး မိမိတို့လွတ်လပ်ရေး ပြန်လည်ရရှိခဲ့ပါကြောင်း။

ယနေ့တွင်လည်း ပင်လုံစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းရေးရရှိအောင် အဓိကထား ဆောင်ရွက်နေကြောင်း၊ ငြိမ်းချမ်းရေးရမှ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု လုပ်ငန်းများအားလည်းကောင်း၊ ကော်မတီတွဲဖက်အတွင်းရေးမှူး နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ နှစ်အလိုက်ကျင်းပခဲ့မှု၊ ပြီးခဲ့သည့်နှစ်က သတ်မှတ်ခဲ့သည့်ဦးတည်ချက်၊ သဝဏ်လွှာပုံစံ၊ ပို့စကတ်နမူနာများနှင့် မြေစိုက်ပိုစတာဒီဇိုင်းများ၊ ဖိတ်ကြားမှုစာရင်းများနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဦးအုန်းမောင်၊ နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ဦးတည်ချက်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ လုံခြုံရေး၊ လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရေး၊ သဝဏ်လွှာပြုစုရေး၊ အလံတင်အခမ်းအနား ကျင်းပရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

## ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်ညစာစားပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း၏ ခရစ်တော်မွေးဖွားရာ မွေးနေ့အကြို ညစာစားပွဲနှင့် ခံစားရသောကောင်းချီးမင်္ဂလာများကိုရေတွက်၍ ကျေးဇူးတော်ချီးမွမ်းခြင်း ညစာစားပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်း (YMCA)၌ ယနေ့ညနေပိုင်းကကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျူးဘာသာ၊ အာမေနီယံဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် ဘဟာအီဘာသာ အသီးသီးတို့မှ သာသနာ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အသီးသီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အတွက်အထူးဆုတောင်းခြင်း၊ သမ္မာကျမ်းစာတော်မြတ် ဖတ်ကြားခြင်း၊ မွေးနေ့တော်သတင်းကောင်း မျှဝေခြင်း၊ ကောင်းချီးပေးခြင်း စသည့် ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်များကို သိက္ခာတော်ရ ဆရာတော်များက ဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးက ခရစ်တော်၏မွေးနေ့တော်အတွက် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်က မွေးနေ့တော်အတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးစကား ပြောကြားသည်။

ထို့နောက် ဓမ္မတေးသီချင်းများ အတူတကွသီဆို၍ အသင်းမှတည်ခင်းသော ညစာသုံးဆောင်ပြီး အောက်မြန်မာပြည် မက်သဒစ်အသင်းတော်ဂိုဏ်းချုပ် ဆရာတော် ဦးလူအေးက ဆုတောင်းကောင်းချီးပေး၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

# တိုင်းရင်းသားတွေအားလုံး ကြည်ကြည်ဖြူဖြူနဲ့ အတူတူနေကြဖို့ အတူတူကြိုးစားနေကြဖို့ အရေးကြီး

**ရဟန်းမင်းကြီးအမတ် ချားလ်စ်ဘို**
**ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ် ဆရာတော်ကြီး**

ကမ္ဘာတစ်ဝန်းလုံးမှာ ပျော်စရာအချိန်ကာလကျရောက်လာပါပြီ။ ခရစ္စမတ်ဆိုတာ ကယ်တင်ခြင်းသတင်းကောင်းနဲ့ လွတ်မြောက်ခြင်းသတင်းကောင်းဖြစ်ပါတယ်။ ရွှင်လန်းဝမ်းမြောက်ကြပါ။ သာယာပျော်ရွှင်ဖွယ်ကောင်းတဲ့ ခရစ္စမတ်ဖြစ်ပါစေလို့ ချစ်လှစွာသော ညီအစ်ကိုမောင်နှမများနဲ့ မြန်မာပြည်သူပြည်သားအပေါင်းကို နှုတ်ခွန်းဆက်လိုက်ပါတယ်။ ခရစ္စမတ်ဆိုတာ ဘုရားသခင်က သူ့ရဲ့သားတော်ကို ဒီလောကကိုစေလွှတ်ပြီးတော့ လူတွေနဲ့အတူတူနေတယ်။ လူတွေနဲ့အတူ ဒုက္ခခံတယ်။ လူတွေရဲ့ စိတ်တစ်လုံးတစ်ဝတည်းဖြစ်ဖို့အတွက်နေပြီးနောက် လူတွေရဲ့အဆင့်အတန်းကို မြှင့်တင်ပေးဖို့နဲ့ မေတ္တာတရားပွားများနိုင်ဖို့ရာအတွက် အဓိကထားပြီး ခရစ်တော်ဘုရားကြွလာခြင်းဖြစ်တယ်။ ခရစ္စမတ်ဆိုတာ ခရစ်တော်မွေးဖွားတဲ့ နေ့ရက်ဖြစ်တယ်။

ခရစ္စမတ်ဆိုတာ peace of love ပါ။ ဘုရားလာတာ ငြိမ်းချမ်းဖို့အတွက်၊ မေတ္တာတရား ပွားများဖို့အတွက် ရန်လိုရန်ပြုစေတဲ့ဟာတွေအားလုံး ကင်းရှင်းပြီးတော့ လူတွေအားလုံး ချစ်ခြင်းမေတ္တာရှိနိုင်ဖို့ရန်အတွက်ဆိုပြီးတော့ ခရစ္စမတ်ပွဲတော်ကို ကျင်းပတာပါ။ အထူးသဖြင့် ခရစ္စမတ်နေ့ဟာ တစ်ကမ္ဘာလုံးနဲ့ မြန်မာနိုင်ငံအတွက် သိပ်ကိုတိုက်ဆိုင်ပါတယ်။

ကမ္ဘာကြီးပေါ်မှာလည်း အချင်းချင်း အမျိုးမျိုး အကြမ်းဖက်သတ်ဖြတ်မှုတွေ ဖြစ်နေသလို မြန်မာပြည်မှာလည်း ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာ ပြည်တွင်းစစ်တွေ ဖြစ်နေပါတယ်။

မြန်မာပြည်အနေနဲ့လည်း ပြည်တွင်း၊ ပြည်ပ အရင်းအနှီးတွေထားပြီး တိုးတက်ဖို့ရာအတွက် ကြိုးစားနေတဲ့အချိန်မှာ စစ်ပွဲကအခုလိုဖြစ်နေတယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ မြန်မာပြည်အတွက် မတိုးတက်နိုင်ပါဘူး။

ငြိမ်သက်ခြင်းရဖို့ရာက စစ်တွေရပ်စဲပြီးတော့ အချင်းချင်း တစ်ဖွဲ့နဲ့တစ်ဖွဲ့ ညှိနှိုင်းပြီးဆွေးနွေးကြဖို့ရာ အဓိကဖြစ်ပါတယ်။ စစ်ကိုစစ်နဲ့ အဆုံးသတ်ဖို့ရာဆိုတာ မီးနဲ့မီးကို ငြိမ်းဖို့ဆိုသလို မလွယ်ပါဘူး။

ပထမဆုံးတိုးတက်နိုင်ဖို့ရာ အခြေခံအရေးကြီးတဲ့အချက်က စစ်ပွဲတွေရပ်စဲပြီးနောက် တိုင်းရင်းသားတွေအားလုံး ကြည်ကြည်ဖြူဖြူနဲ့ အတူတူနေကြဖို့ အတူတူကြိုးစားနေကြဖို့ အရေးကြီးတယ်ဆိုတာပြောချင်ပါတယ်။



REV. ဒေါက်တာ Yaw Lah



ရဟန်းမင်းကြီးအမတ် ချားလ်စ်ဘို

ဆရာတော်လည်း အဲဒါကိုလုပ်ဖို့ ဘာသာပေါင်းစုံအားလုံးကို ဇန်နဝါရီ ၁ ရက်မှာ ဗုဒ္ဓဘာသာလည်း ဗုဒ္ဓဘာသာအလိုက် ဝါရှောင်ဖို့၊ ဥပုသ်စောင့်ဖို့၊ ခရစ်ယာန်တွေလည်း ဘုရားကျောင်းသွားဖို့၊ မူဆလင်တွေလည်း ဗလီတွေသွားကြဖို့ အဲဒီနေ့မှာ အားလုံးစုပေါင်းပြီး တစ်ပြည်လုံးငြိမ်းချမ်းရေးရဖို့အတွက် ဆုတောင်းကြဖို့ သတင်းစကားဖြန့်ထားပါတယ်။ ဓမ္မသာလျှင် အားလုံးစိတ်နှလုံးကို နူးညံ့စေပြီး ငြိမ်းချမ်းစေမှာပါ။

ဒီခရစ္စမတ်ဟာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးအတွက် နောက်ဆုံးအကြိမ်ဆုတောင်းရတဲ့ ခရစ္စမတ်ဖြစ်ပါစေလို့ မျှော်လင့်မိတယ်။ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင်အားလုံးကို သန့်ရှင်းသော ဝိညာဉ်တော်အလင်း ကျေးဇူးပေးတော်မူပါစေ။ အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်အား ဘုန်းတော်ဂုဏ်တော်ရှိပါစေသော် မြေကြီးပေါ်၌လည်း စိတ်ကောင်းနှလုံးကောင်းရှိသူတို့အား ငြိမ်သက်ခြင်းရှိစေ။ သာယာပျော်ရွှင်ဖွယ်ကောင်းသော ခရစ္စမတ်ဖြစ်ပါစေ။

**REV. ဒေါက်တာ Yaw Lah**
**မောနွေလအသင်းတော် Senior Pastor**

ဒီနှစ် ခရစ္စမတ်ကတော့ ပြည်သူတွေအတွက် အထူးပဲဆုတောင်းပါတယ်။ ဒီနေ့မွေးဖွားလာတဲ့ သူငယ်တော်လေးဟာ လူသားအားလုံးကို အပြစ်တရားမှ ကယ်ချွတ်မယ့် ကယ်တင်ရှင်ဖြစ်တဲ့အတွက်ကြောင့် မြန်မာပြည်သူပြည်သားတွေအားလုံး အေးချမ်းသာယာကြပါစေ၊ ကျန်းမာရွှင်လန်းကြပါစေ၊ မွေးနေ့တော်မှာ လိုအင်ဆန္ဒအဝဝပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀ ကျော်လောက်က အရှေ့ပြည်မှာ ထူးဆန်းတဲ့ကြယ်ကြီးတစ်လုံးပေါ်ထွန်းလာခဲ့တယ်။

ကြယ်ကြီးပေါ်ထွန်းလာတဲ့အခါမှာ လူတွေက ကောင်းကင်ကိုမော့ကြည့်ပြီး အလွန်ပင် အံ့သြခဲ့ရတယ်။ ဒီကြယ်ကအခြားကြယ်တွေနဲ့မတူဘူး။ ထူးခြားတဲ့ကြယ်တစ်ခုဖြစ်တဲ့အတွက် ကမ္ဘာပေါ်မှာ ထူးဆန်းတာတစ်ခုခု ဖြစ်ပြီဆိုတော့ နောက်ဆုံးမှာ ဒီသူငယ်တော်လေးမွေးဖွားတာဖြစ်တယ်။ မွေးဖွားလာပြီးတဲ့အခါ သူလုပ်ရမယ့် တာဝန်တွေထမ်းဆောင်တယ်။ အသက် (၃၀)အရွယ်မှာ ဘုရားရဲ့အမှုတော်မြတ်ကို ထမ်းဆောင်တယ်။ ထမ်းဆောင်ပြီးအချိန်တန်လာတဲ့အခါမှာ ခမည်းတော်ဘုရားစေခိုင်းတော်မူတဲ့ လူသားအားလုံးကို အပြစ်တရားမှ ကယ်ချွတ်ဖို့အတွက်ကို ကားစင်ပေါ်မှာ သူရဲ့အသွေးတော်၊ အသားတော်အားဖြင့် သွန်းလောင်းပြီး လူသားတွေရဲ့အပြစ်ကိုကယ်တင်သွားတာတွေ့ရပါတယ်။

ခရစ္စမတ်မှာ ကျွန်တော်တို့ အငယ်ဆုံးသောသူတွေကို ပြုစုတယ်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးတဲ့သူတွေအတွက်ကို ပြီးခဲ့တဲ့တစ်ပတ်က လက်ဆောင်ပေးတနင်္ဂနွေနေ့ဆိုပြီး ကျင်းပတယ်။ အဲဒီမှာ သူတို့တွေ လက်ဆောင်တွေယူလာတယ်။ အဝတ်အစား၊ စားစရာ၊ ဆန်၊ ဆီ၊ ဆား အဲဒါတွေအားလုံးကို ကျွန်တော်တို့က ဆင်းရဲသူ၊ ဆင်းရဲသားအငယ်ဆုံးသောသူတွေကို ပြုစုတယ်။ ကောက်ခံရရှိတဲ့အလှူငွေတွေ၊ လက်ဆောင်တွေကို လိုက်လံဝေငှပေးပါတယ်။ ခရစ္စမတ်နေ့ဆိုဘုရားကျောင်းမှာ ကလေးတွေပြဇာတ်ကကြတယ်။ ဂုဏ်တော်ချီးမွမ်းကြတယ်။ ခရစ္စမတ်ဆိုတာ ခရစ်ယာန်တွေရဲ့ပျော်ပွဲရွှင်ပွဲ တစ်ခုတည်းမဟုတ်ပါဘူး။ ဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တစ်ကမ္ဘာလုံးမှာရှိတဲ့လူသားအားလုံးပါဝင်နိုင်ပါတယ်။ ပြီးခဲ့တဲ့အပတ်က အိုင်ကြီးမှာ ခရစ္စမတ်သွားလုပ်တဲ့အခါ ကျွန်တော်တို့ဘာသာဝင်တွေပဲမဟုတ်ဘူး။ တခြားဘာသာဝင်တွေလည်းလာပြီး ကျွန်တော်တို့နဲ့ အတူတူသီချင်းဆိုကြတယ်။ ပြီးသွားလို့ထမင်းစားကြတဲ့အခါ ပျော်ပျော်ပါးပါးစားကြတာကို တွေ့ရှိခဲ့ရတဲ့အတွက် အလွန်ပီတိဖြစ်မိပါတယ်။

**သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဒီဇင်ဘာ ၁၄ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ အသစ်ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၁။ | ဂယ်လီလီယို(ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၅) | လင်းစိန် | ၁၅၀၀ | ခူဝံစာပေ |
| ၄၂။ | မာသာထရီဇာ (ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ-၁) | တင်မောင်မြင့် | ၁၅၀၀ | ခူဝံစာပေ |
| ၄၃။ | ၉၂ ကမ္ဘာ့ဝိုင်းခဲ့ရသူများ | မေတ္တာရှင်(ရွှေပြည်သာ) | ၂၅၀၀ | နဂါးပျံစာပေ |
| ၄၄။ | လူ့ဘဝအစမှအဆုံးတိုင် မြန်မာတို့၏ဓလေ့ထုံးစံများ | ခင်မောင်သန်း (စိတ်ပညာ)၊ ဒေါက်တာကေသီနိုင် | ၁၅၀၀ | ပင်ဝါးရုံစာပေ |
| ၄၅။ | ဆရာဟူသည်ဥယျာဉ်မှူး | ချစ်စံဝင်း | ၂၅၀၀ | ပန်းမျိုးတစ်ရာစာပေ |
| ၄၆။ | ဓမ္မမိတ်ဆွေများနှင့်အွန်လိုင်းပေါ်က ဝိပဿနာအမေးအဖြေများ(၁) | ဒေါက်တာသစ်လွင် | ၂၅၀၀ | ကြည်ဇော်ဝင်းစာပေ |
| ၄၇။ | သမုဒ္ဒရာကမ်းယံကလာခဲ့နှင့် ဝတ္ထုတိုပေါင်းချုပ် | မိချမ်းဝေ | ၂၅၀၀ | ပြုံးစာပေ |
| ၄၈။ | သိထားသင့်သော ခွေးရူးရောဂါအကြောင်း | ဒေါက်တာခင်စန်းမော် | ၃၀၀၀ | ဖြိုးပြည့်မော်စာပေ |
| ၄၉။ | မြင်းကပါအကျဉ်းသား | မင်းသိခ် | ၃၀၀၀ | ဘုမ္မာဝတီစာပေ |
| ၅၀။ | မဲခေါင်ကျော်စွာ | မင်းသိခ် | ၃၀၀၀ | ဘုမ္မာဝတီစာပေ |
| ၅၁။ | လမ်းပေါ်ကလူတစ်ယောက် ပြောချင်တာများ | ကိုတာ | ၁၅၀၀ | မုံရွေးစာပေ |
| ၅၂။ | ဘဝတစ်ဆစ်ချိုးစိတ်ကူးများ | ညိုမင်းဇံ | ၂၅၀၀ | မာန်တောင်လုံးပျံစာပေ |
| ၅၃။ | အင်းဝမြို့ရောက် သံတမန် တစ်ဦး၏ကိုယ်တွေ့မှတ်တမ်း | အောင်မြင့်စိန်(ထားဝယ်) (ဘာသာပြန်) | ၅၀၀၀ | မိတ်ဆွေများစာပေ |
| ၅၄။ | အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ | ဗိုလ်ရှိတ်(ရတနာပူရ) | ၄၅၀၀ | မိဘဂုဏ်စာပေ |
| ၅၅။ | ပြည်သူ့ကြေးမုံ နန်းမှုရိပ်မြုံ (မိတ်ဆက်ကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၆။ | ပြည်သူ့ကြေးမုံ နန်းမှုရိပ်မြုံ (နိဒါန်းကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၇။ | ပြည်သူ့ကြေးမုံ နန်းမှုရိပ်မြုံ (ဖြည့်စွက်ကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၈။ | ပြည်သူ့ကြေးမုံ နန်းမှုရိပ်မြုံ (နိဂုံးကျမ်း) | ထွန်းရီ (ရှေးဟောင်းသုတေသီ) | ၄၀၀၀ | မိဘဂုဏ်စာပေ |
| ၅၉။ | မိတ်ဆွေတစ်ဦးမှပေးသော သူဌေးဖြစ်နည်းသင်ခန်းစာ | ဘုန်းနိုင် | ၁၅၀၀ | မနောဖြူစာပေ |
| ၆၀။ | ဧရာဝတီမှတ်တမ်း | သက်အောင် (ဗဟို) | ၂၅၀၀ | ယဉ်မျိုးစာပေ |
| ၆၁။ | ပညာရေးကင်ဆာ | သချာအောင်သင်း | ၁၂၀၀ | ယဉ်မျိုးစာပေ |
| ၆၂။ | ကျန်းမာရေးဆိုင်ရာသတင်းနှင့် ဗဟုသုတများ(အမှတ်-၂) | ဒေါက်တာအေးကျော် (ဇီဝကမ္မဗေဒ) | ၂၅၀၀ | ပြည်မြန်မာစာပေ |
| ၆၃။ | ခေါင်းဆောင်များ၏ ခေါင်းဆောင်မှု | ဗိုလ်မှူးချုပ် မြင့်ကိုကို(ငြိမ်း) မြန်မာပြန် | ၂၄၀၀ | မြဝတီစာပေ |
| ၆၄။ | မြူမှုန်လေလားလွမ်းငွေ့လားနှင့် ငယ်လက်ရာဝတ္ထုတိုများ | မင်းရွှေသိန်း (ဇင်းကျိုက်) | ၁၅၀၀ | မြတ်ပန်းရဂုံစာပေ |
| ၆၅။ | ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်များအတ္ထုပ္ပတ္တိ | မောင်ကျော်ဇော် (သံတမန်) | ၂၀၀၀ | ကြယ်စင်စာပေ |
| ၆၆။ | သဘာဝသိပ္ပံ | ဗန်းမော်တင်အောင် | ၄၀၀၀ | မြနန္ဒာစာပေ |
| ၆၇။ | အိန်စတိန်းနှင့်သူ၏ဓမ္မတရား | ဗန်းမော်တင်အောင် | ၅၀၀၀ | မြနန္ဒာစာပေ |
| ၆၈။ | ပါပီလွန်နှင့်ဗင်ကို | ဦးလှဝင်း (လေသူရဲတစ်ဦး) | ၆၅၀၀ | ရတနာပုံ စာပေ |
| ၆၉။ | ခေတ်သစ်မေသို့ | ဇေကရီပြုံး | ၂၅၀၀ | ရတနာသိုက်စာပေ |
| ၇၀။ | ဘာသာတရားကို စောင့်ရှောက်ပုံဆိုသည်မှာ | သန္တာမြေ-အရှင်ပညာဝံသ | ၁၅၀၀ | ရန်အောင်စာပေ |
| ၇၁။ | သိကြားကြောက်အတွေး ရသစာစုများ | ဦးဘုန်း (ဓာတု) | ၂၀၀၀ | လင်းလွန်းခင်စာပေ |
| ၇၂။ | မရှိမဖြစ်ဥပဒေ | ယုတိကေ | ၂၅၀၀ | လတ်မဟာစာပေ |
| ၇၃။ | သူ့ဘဝအကြောင်းတစေ့တစောင်း | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၄၀၀၀ | လူထု (မန္တလေး) |
| ၇၃။ | ပိဋကတ်စာပေလက်ရာများ | ဆန်းထွန်း (မန်းတက္ကသိုလ်) | ၄၃၀၀ | လူထု (မန္တလေး) |
| ၇၄။ | နှလုံးလှကလေးကဗျာများ (၁) | မဟောသဓာ(နှလုံးလှဆရာတော်) | ၁၅၀၀ | သင်းစာပေ |
| ၇၅။ | အစိမ်းရောင်ဟိုတယ်များကို တိုင်းသည့်ပေတံများနှင့် သဘာဝပတ်ဝန်းကျင်အတွက်အစိမ်းရောင်ခြေရာ | ဒေါက်တာထွန်းဝင်း | ၂၀၀၀ | သရဖီထွန်းဝင်းစာပေ |
| ၇၆။ | နှလုံးသားနန်းတော် | ဖွဲ့ဟိန်း | ၂၀၀၀ | သုခမြိုင်စာပေ |
| ၇၇။ | ဥပါဒါနက္ခန္ဓာကိုထိုးထွင်းသိမြင်ပြီး ကိုယ်ပိုင်ဉာဏ်ဖြစ်လျှင် သံသရာမှလွတ်ပြီ | ဗိုလ်မှူးတင်စိုး (ငြိမ်း-ရေ) | ၃၀၀၀ | ဟန်သာဆုစာပေ |
| ၇၈။ | ဝဋ်ကြွေးရယ်ပြေနှင့် အခြားဝတ္ထုလတ်စုစည်းမှု | ဇော်ညီညီ (နေပြည်တော်) | ၂၀၀၀ | အနာဂတ်အိပ်မက်စာပေ |
| ၇၉။ | သီပေါ၏မဟေသီ | ပါရဂူ (မြန်မာပြန်) | ၂၅၀၀ | အားမာန်သစ်စာပေ |
| ၈၀။ | ဂန္ဒီ(သို့မဟုတ်)မဟာလူသား | မင်းပုည | ၆၀၀ | အားမာန်သစ်စာပေ |

(ဆက်လက်ဖော်ပြပါမည်)

## အရည်အသွေးအာမခံချက်မရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များ၌ ရောင်းချလျက်ရှိသော ငရုတ်သီးမှုန့်များ၊ မဆလာများကို နမူနာကောက်ယူ စစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော ငရုတ်သီးမှုန့်၊ မဆလာမှုန့်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိပါ၍ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံချက်မရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဈေးကွက်ရှိ ငရုတ်သီးမှုန့်အမျိုးမျိုးအား ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ်အမည် | အစားအသောက် အမျိုးအစား | လုပ်ငန်းလိပ်စာ |
|---|---|---|---|
| ၁။ | ပစ်တိုင်းထောင် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | ရွှေကျီး | ငရုတ်သီးမှုန့် | ပွဲရုံ(၆၇-အေ)၊ ကျောက်စိမ်းလမ်း၊ ရတနာထွန်း ပွဲရုံတန်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉- ၅၃၂၀၉၁၆၊ ၀၅၇-၂၅၇၂၂(လိုင်းခွဲ- ၃၂၇ စက်ရုံအမှတ်(၂၅၇)၊ ရွှေမြို့တော်(၁၅)လမ်း၊ မော်လမြိုင်စက်မှုဇုန်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉-၅၃၂၁၅၀၇၊ ၀၉-၈၇၂၅၄၄၇ |
| ၃။ | ရွှေကျောက်ဆည်/ SKS | ငရုတ်သီးမှုန့် | ၀၉-၄၀၀၀၂၄၂၅ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၄။ | စပယ်ဦး | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၅။ | ရွှေ | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၆။ | ရွှေတီ | ငရုတ်သီးမှုန့် | အမှတ်(၁)ဈေးကြီး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇-၂၂၁၉၂ |
| ၇။ | မြဝတီ | ငရုတ်သီးမှုန့် | အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ စက်ရုံအမှတ်(၂၇)၊ ရွှေမြို့တော်(၅)လမ်း၊ မော်လမြိုင်စက်မှုဇုန်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ |
| ၈။ | စိန် | ငရုတ်သီးမှုန့် | အမှတ်(၇၃)၊ ဈေးသစ်ဈေး၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ |
| ၉။ | ကောင်းကောင်း | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၁၁၁)၊ အမှတ်(၂)ဈေးသစ်၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၉- ၂၅၅၇၂၂၄၉၃၊ ၀၉-၇၉၆၀၉၃၄၃၀၊ ၀၉-၇၈၆၆၆၂၆၈၀ |
| ၁၀။ | ကရဝိတ် | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၃၈-အေ)၊ ကမ်းနားလမ်း၊ ဖက်တန်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။ ၀၅၇- ၂၃၁၀၅၊ ၀၅၇-၂၂၂၈၆၊ ၀၉-၅၀၁၇၄၁၁၊ ၀၅၇-၂၅၃၉၃၊ ၀၅၇-၂၆၇၄၄ |
| ၁၁။ | ရွှေမြင့်မိုရ် | ငရုတ်သီးမှုန့် | ဆိုင်အမှတ်(၂၊ ၃၊ ၁၅၈)၊ (၈၆)လမ်း၊ ၂၈ × ၂၉ ကြား၊ မန္တလေးမြို့။ ၀၉- ၉၁၀၀၄၃၈၆၊ ၀၉- ၉၁၀၀၄၃၈၅ |
| ၁၂။ | နန်းတော် | ငရုတ်သီးမှုန့် | ၀၉- ၅၁၄၈၅၄၉၊ ၀၁-၇၂၁၃၂၂ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၁၃။ | ကောင်းမွှေး | ငရုတ်သီးမှုန့် | အောင်သာစု အဆင့်မြင့်စားသောက်ကုန်လုပ်ငန်း၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ ၀၉- ၂၅၃၉၃၇၀၁၂~၄ |
| ၁၄။ | နန်းဆန်သူ | ငရုတ်သီးမှုန့် | သိမ်ကြီးဈေး (ဒီ)ရုံ၊ မြေအောက်ထပ်၊ ညောင်ပင်လေးဈေး၊ ရန်ကုန်မြို့။ ၀၉- ၅၀၁၂၂၃၁ |
| ၁၅။ | လူရိုင်းခေါင်း | ငရုတ်သီးမှုန့် | အမှတ်(၃၃)၊ အာဇာနည်လမ်း၊ ကရပ်ပြင်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ ၀၅၉-၂၁၆၃၅ |
| ၁၆။ | ဒေါ်ဖြူ | ငရုတ်သီးမှုန့် | ဈေးရုံ(၃၉)၊ ဆိုင်အမှတ်(၁၀၇)၊ ငါးခြောက်တန်း၊ ဈေးကြီးအတွင်း၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ အမှတ်(၁၄၂၉)၊ ပေ(၆၀)လမ်း၊ ပါရမီ(၁)ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ ၀၉-၄၉၃၄၁၁၉၁ |
| ၁၇။ | မီးမီးလေး | ငရုတ်သီးမှုန့် | အမှတ်(၁၀၃)၊ စံကားဝါလမ်း၊ ကန်ခေါင်းရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ ၀၉-၄၁၀၀၅၁၃၂၊ ၀၉-၂၅၃၂၂၆၄၁၁ |
| ၁၈။ | ရွှေပြည်အောင် | ငရုတ်သီးမှုန့် | အမှတ်(၃၇၃)၊ (၇)လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး။ ၀၉-၄၂၅၂၇၅၁၆၉၊ ၀၉-၄၉၅၇၀၉၃၁ |
| ၁၉။ | ကြူမွှေး | ငရုတ်သီးမှုန့် | ၀၉-၄၉၃၀၄၉၉၅၊ ၀၉-၅၁၁၈၆၀၈၊ ၀၉-၄၂၁၀၅၆၃၁၁၊ ၀၉-၇၃၀၄၀၃၈၄ အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |
| ၂၀။ | အောင်ရဲထက် | ငရုတ်သီးမှုန့် | အမှတ်တံဆိပ်ပေါ်တွင် လိပ်စာဖော်ပြထားခြင်းမရှိပါ။ |

(ဆက်လက်ဖော်ပြပါမည်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ဆောင်ဂျွန်ကီရဲ့ ရုပ်ရှင်သစ် ရိုက်ကူးပြီးစီး



ယခုနှစ်အစပိုင်းက ထုတ်လွှင့်ခဲ့တဲ့ "Descendants of the Sun" ဇာတ်လမ်းတွဲမှာ အထူးတပ်က စစ်ဗိုလ်တစ်ဦးအဖြစ် ပါဝင်ရိုက်ကူးခဲ့ပြီး အထူးကျော်ကြားလာခဲ့တဲ့ မင်းသား ဆောင်ဂျွန်ကီ ခေါင်းဆောင်ပါဝင်ထားတဲ့ ရုပ်ရှင်သစ်ကို မကြာသေးမီက ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ ရုပ်ရှင်သစ်ဟာ "Battleship Island"လို့ အမည်ရပြီး မင်းသား ဆောင်ဂျွန်ကီအပြင် အခြားသော တောင်ကိုရီးယား ထိပ်တန်းသရုပ်ဆောင်တွေဖြစ်ကြတဲ့ ဆိုဂျီဆပ်၊ ဟွန်ဂျန်မင်း၊ လီဂျန်ဟွန်း စတဲ့သရုပ်ဆောင်များစွာ ပါဝင်ထားကာ ကျွန်းတစ်ကျွန်းပေါ်မှာ ကျွန်ပြုခံထားရတဲ့သူတွေရဲ့ လွတ်မြောက်ဖို့ကြိုးစားပုံတွေကို ပုံဖော်ရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။

အဆိုပါရုပ်ရှင်ကို တောင်ကိုရီးယားနာမည်ကျော် ရုပ်ရှင်တွေဖြစ်ကြတဲ့ "Veteran" နဲ့ "The Berlin Files" ကို ရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာက တာဝန်ယူရိုက်ကူးပေးခဲ့တာဖြစ်ပြီး ရိုက်ကူးရေးကာလအားဖြင့် ခြောက်လကြာအချိန်ယူရိုက်ကူးခဲ့တာ ဖြစ်ပါတယ်။ လတ်တလောမှာ ရိုက်ကူးရေးလုပ်ငန်းတွေအားလုံး ပြီးဆုံးသွားခဲ့ပြီဖြစ်ကာ ထုတ်လုပ်ရေးလုပ်ငန်းတွေကို စတင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

မင်းသား ဆောင်ဂျွန်ကီက "ကျွန်တော်တို့ ပူလောင်နေတဲ့ နွေခေါင်ခေါင်ကြီးမှာ ခြောက်လကြာအောင် ကြိုးကြိုးစားစားရိုက်ကူးခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်ကိုတော်ကြတဲ့ သရုပ်ဆောင်တွေနဲ့ ရိုက်ကူးခဲ့တဲ့ ဒီရုပ်ရှင်မှာ ကျွန်တော့်အနေနဲ့ တစ်ခန်းတစ်ကဏ္ဍကနေ ပါဝင်ခွင့်ရခဲ့တဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဝမ်းသာဂုဏ်ယူမိပါတယ်"လို့ အဆိုပါရုပ်ရှင်အတွက် အမှတ်တရစကားဆိုခဲ့ပါတယ်။

ယင်းရုပ်ရှင်ရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ မင်းသား ဆိုဂျီဆပ်ကလည်း "အန္တရာယ်တွေ၊ အခက်အခဲတွေရှိခဲ့ပေမယ့် နောက်ဆုံးမှာ အောင်အောင်မြင်မြင်နဲ့ အဆုံးသတ်နိုင်ခဲ့တဲ့အတွက် ဒီရုပ်ရှင်ရဲ့ ဝိုင်းတော်သားတွေအားလုံးကို ကျေးဇူးတင်မိသလို အလွန်လည်း ဝမ်းသာမိပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

သရုပ်ဆောင် တစ်ဦးဖြစ်တဲ့ ဟွန်ဂျန်မင်းကတော့ "ဒီရှည်လျားလှတဲ့ ခရီးဟာ နောက်ဆုံးမှာတော့ အဆုံးသတ်ခဲ့ပါပြီ။ ဒီလိုကြီးကျယ်တဲ့ကိစ္စတစ်ခုကို အဆုံးသတ်နိုင်ခဲ့တဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်"လို့ ဖွင့်ဟခဲ့ပါတယ်။

ယင်းရုပ်ရှင်ကို လာမယ့် ၂၀၁၇ ခုနှစ်အတွင်း စတင်ရုံတင်သွားမှာဖြစ်ပေမယ့် ထုတ်လွှင့်မယ့်ရက် အတိအကျကိုတော့ လတ်တလောအချိန်အထိ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိသေးပါဘူး။



## "The Emoji Movie" ပထမဆုံးအကြိမ် အစမ်းထုတ်လွှင့်

အီမိုဂျီလေးတွေကို ဇာတ်ကောင်တွေအဖြစ် ဖန်တီးရိုက်ကူးထားတဲ့ "The Emoji Movie" ရဲ့ ပထမဆုံးကြော်ငြာဗီဒီယိုကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၀ ရက်က ထုတ်လွှင့်ပြသခဲ့ကြောင်း အေ့စ်ရှီးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သွားမယ့် အဆိုပါရုပ်ရှင်ဟာ ရုပ်သံဖန်တီးမှုရုပ်ရှင်အမျိုးအစားဖြစ်ပြီး ယင်းရုပ်ရှင်ရဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ မယ်မာ့ချ်နေရာမှာ အသံနဲ့ ပါဝင်သရုပ်ဆောင်ထားသူကတော့ အော်စကာဆန်ခါတင်စာရင်းမှာ ဖော်ပြခြင်းခံခဲ့ရဖူးတဲ့ ဟာသသရုပ်ဆောင်နဲ့ ထုတ်လုပ်သူတစ်ဦးဖြစ်တဲ့ စတီဗင်ရိုက်ထ်ပဲ ဖြစ်ပါတယ်။

အီမိုဂျီလေးတွေဟာ ယခင်က တယ်လီဖုန်းလေးတွေမှာသာ တွေ့မြင်ခဲ့ရတဲ့ ချစ်စရာအရုပ်လေးတွေဖြစ်ပြီး ယခုလို ရုပ်ရှင်အဖြစ် သက်ဝင်လှုပ်ရှားလာတဲ့ အီမိုဂျီလေးတွေပါဝင်တဲ့ "The Emoji Movie"ကိုတော့ အမေရိကန်နိုင်ငံတစ်ဝန်း လာမယ့် ၂၀၁၇ ခုနှစ် ဩဂုတ် ၄ ရက်ကစတင်ပြီး ရုံတင်သွားမှာဖြစ်ကြောင်း သိရပါတယ်။

**အေးပြည့်ရေးသားသည်**

ကြေးမုံ ရုပ်ရှင်အညွှန်း

## အိမ်ထောင်ရေးလျှို့ဝှက်သည်းဖိုဇာတ်ကား ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေဇာတ်ကား စတင်ပြသ

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ကာ မအေးအေးဝင်းစီစဉ်ပြီး ဝတ္ထုမြင်းသိခ်၊ ဇာတ်ညွှန်းနေစိုးသော်တို့က ဖန်တီးထားသော ဒါရိုက်တာခင်စောမျိုး(အဖေ့ပညာ) ခြယ်မှုန်းရိုက်ကူးထားသည့် ကျော်သူ၊ လူမင်း၊ ဗေလုဝ၊ ထွန်းလွင်အောင်နှင့် အေးမြတ်သူတို့ ခေါင်းဆောင်ပါဝင်ထားသည့် "ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ"ဇာတ်ကားကို အသစ်ကြည့်ရှုခံစားကြရမည်ဖြစ်သည်။

စိတ်ပေါ့ပါးလွတ်လပ်ဖွယ်ရာ ပေါ့ပေါ့ပါးပါး ဟာသဇာတ်ကားများအကြားတွင် အိမ်ထောင်ရေးလျှို့ဝှက်သည်းဖို ဇာတ်ကားဖြစ်သည့် "ပရော်ဖက်ဆာဒေါက်တာဆိတ်ဖွားနှင့် မြိုင်ရာဇာတာတေ" ဇာတ်ကားကို ရန်ကုန်မြို့ရှိ ရွှေဆောင်၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ နဝဒေး၊ Junction Square၊ Junction Maw Tin၊ ဂမုန်းပွင့် (မင်္ဂလာဂမုန်းပွင့်ကမာရွတ်-စံရိပ်ငြိမ်၊ ကန်သာယာ(မြောက်ဥက္ကလာ)၊ Mega Ace(တာမွေ)၊ မြရတနာ၊ မြဟံသာတို့တွင်လည်းကောင်း၊ မန္တလေးမြို့ရှိ မင်္ဂလာနေပြည်တော် (ဆိုင်းတန်း) Daimond၊ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံ၊ မော်လမြိုင်မြို့ရှိ JCGV၊ လားရှိုးမြို့ရှိ သီတာအေး၊ အောင်သီရိ၊ သိန်းထိုက်ရုပ်ရှင်ရုံ၊ မြဝတီမြို့ရှိ သွန်းရွှေစင်ရုပ်ရှင်ရုံ၊ တောင်ကြီးမြို့ရှိ မြသုခရုပ်ရှင်ရုံ၊ ဗန်းမော်မြို့ရှိ စတားရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့ရှိ ရတနာရုပ်ရှင်ရုံ၊ ပခုက္ကူမြို့ရှိ သီဟရုပ်ရှင်ရုံ၊ ပြည်မြို့ရှိ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံ၊ ပုသိမ်မြို့ရှိ ရွှေပြည်တော်ရုပ်ရှင်ရုံ၊ ဘားအံမြို့ရှိ တက်နေဝင်း၊ ဦးစောက်ပန်းရုပ်ရှင်ရုံ၊ ထားဝယ်မြို့ရှိ အောင်မင်္ဂလာရုပ်ရှင်ရုံ၊ ပြင်ဦးလွင်မြို့ရှိ Movie Planet . ချယ်ရီလွင်ရုပ်ရှင်ရုံ၊ မြိတ်မြို့ရှိ မင်္ဂလာရုပ်ရှင်ရုံ၊ ပဲခူး- Icon Cinema တောင်ငူမြို့ရှိ New 3D Cinema ရုပ်ရှင်ရုံတို့တွင် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာရုံတင်ပြသလျက်ရှိသည်။

မြန်မာနိုင်ငံအနှံ့အပြားရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ပြီးခဲ့သည့်ရက်သတ္တပတ်များက ရုံတင်ပြသခဲ့သည့် ရန်အောင်၊ ပြေတီဦး၊ ရာဇာနေဝင်း၊ စိုးမြတ်သူဇာ၊ ပက်ထရစ်ရှာနှင့် အနုပညာရှင်များစွာ ပါဝင် အားဖြည့်ထားသော ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)၏ "ပဲခူးဆားနှင့် သူ၏ဗိုင်းရပ်စ်များ" ဟာသဇာတ်ကားနှင့် သရုပ်ဆောင် မြင့်မြတ်၊ ကျော်ကျော်ဗို၊ ခင်လှိုင်နှင့် ဒိန်းဒေါင်တို့၏ အနုပညာအားပြိုင်မှုများကို မြင်တွေ့ရမည့် "မင်းလည်းဘိုကေ၊ ငါလည်းဘိုကေ" ရသမျိုးစုံပေးစွမ်းနိုင်မည့် ဟာသဒရမ်မာဇာတ်ကားကိုလည်း ယခုတစ်ပတ်တွင် ဆက်လက်ကြည့်ရှုကြရမည်ဖြစ်သည်။

ယင်းအပြင် Sing အမည်ရှိ နိုင်ငံခြားကား အန်နီမေးရှင်းဇာတ်ကားသစ်ကိုလည်း ရုံတင်ပြသပေးလျက်ရှိသည်။ ယင်းဇာတ်ကားတွင် ရည်မှန်းချက်ကြီးကြီးဖြင့် ကပွဲရုံတည်ဆောက်ခဲ့သည့် ကိုအားလားအရွက်စားဝက်ဝံလေးတစ်ကောင်ကို အဓိကဇာတ်ကောင်ထားကာ ငွေကြေးကျပ်တည်းလာသည့် အခက်အခဲကို ယင်းကပွဲရုံတွင် အဆိုပြိုင်ပွဲကျင်းပကာ ဖြေရှင်းရန် စီစဉ်ခဲ့လေသည်။ ယင်းပြိုင်ပွဲတွင် ပင်ကိုစွမ်းရည်ကိုယ်စီရှိကြသည့် တိရစ္ဆာန်ငယ်လေးများ၏ စွမ်းရည်ကိုယ်စီဖြင့် အဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြရင်း မည်သူက ထူးထူးခြားခြား အောင်ပွဲဆင်နိုင်မည်လဲဆိုသည်ကို စိတ်ဝင်စားဖွယ်ရိုက်ကူးထားသည့် အန်နီမေးရှင်းဇာတ်ကားသစ်ဖြစ်သည်။



နောက်ထပ်နိုင်ငံခြားဇာတ်ကားမှာ Star War ဇာတ်လမ်းတွဲများ၏ ဇာတ်ကားတစ်ကားဖြစ်သည့် Rogue One:Star War ဇာတ်ကားကိုလည်း ကြည့်ရှုခံစားနိုင်မည်ဖြစ်သည်။ ယင်းဇာတ်ကားတွင် စိတ်မြန်ကိုယ်မြန် မဟုတ်မခံ အမျိုးသမီးစစ်သည် ဂျန်အာဆိုအဖြစ် မင်းသမီး ဖယ်လစီတီဂျုံးက အဓိကပါဝင်သရုပ်ဆောင်ထားပြီး ဂျန်အာဆိုနှင့် Star War မှ သူရဲကောင်းများ ပူးပေါင်းကာ လက်ရှိစကြဝဠာကို အုပ်ချုပ်နေသည့် အင်ပါယာစစ်တပ်ကို တွန်းလှန်ပြီး Death Star လက်နက်ကို မည်သို့ရယူကြမည်ကို စိတ်ဝင်စားဖွယ်ကြည့်ရှုနိုင်မည့် စိတ်ကူးယဉ်သိပ္ပံဇာတ်ကားကောင်းတစ်ကားဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆိုတင်ဆက်လိုက်ရပါသည်။

**(ဖြိုးစန္ဒာမြင့်)**

**စာမျက်နှာ ၆ မှ**

ထို့ကြောင့် **ထရမ့်သည် ကမ္ဘာ့နိုင်ငံရေးထက် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကိုသာ ပိုမိုဦးစားပေးကာ စီးပွားရေးတောင့်တင်းခိုင်မာမှုကို ပိုမိုဇောင်းပေးသည့် ပုံစံရှိသည်။** ဖြစ်လာနိုင်ခြင်း ရှိ၊ မရှိကိုမူ ထရမ့်အစိုးရ၏ ဆောင်ရွက်မှုများအား ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ အမေရိကန်၏ နိုင်ငံရေး အပြောင်းအလဲသည် ၎င်းနိုင်ငံ၏ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ စီးပွားရေးမူဝါဒ အပြောင်းအလဲများမှတစ်ဆင့် ကမ္ဘာ့အသုံးအများဆုံး အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်နေသည့် သက်ဆိုင်ရာ ငွေကြေးတန်ဖိုးများ တန်ဖိုးလျော့ကျခြင်းမှတစ်ဆင့် ကမ္ဘာ့စီးပွားရေးနှင့် မြန်မာစီးပွားရေးအပေါ် သက်ရောက်မှုများအား လေ့လာသုံးသပ်တင်ပြလိုက်ရပါသည်။

**References :**

- **The Economists, "The economic consequences of Donald Trump" , Nov 9th 2016, 13:39 by R.A. |WASHINGTON, http://www.economist.com/blogs/freeexchange/2016/11/global-economy**
- **Ratih Puspitasari , Future of the global economy after Trump's victory, Economic analyst at Bank Indonesia (BI) http://www.thejakartapost.com/academia/2016/11/11/future-of-the-global-economy-after-trumps-victory.html**
- **How do elections affect the economy? An analysis of key economic variables shows that economic activity slows down ahead of an election http://www.livemint.com/Politics/RRDNEebSEiPECEiclpq ZmM/How-do-elections-affect-the-economy.html**
- **What Could Happen To The US Dollar If Donald Trump Wins The Presidential Election? https://www.fxcm.com/insights/what-could-happen-to-price-of-us-dollar-if-donald-trump-wins-presidential-election/**
- **The US Fed Rate Hike on 14th Dec 2016 and its implications by ASEAN+3 Macroeconomic Research Office ( AMRO)**

### မြန်မာ့အသံရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၂၄-၁၂-၂၀၁၆ (စနေနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | Hyper Sports |
| ၈း၃၅ | ပန်းပျိုးခင်း(အပိုင်း-၁၁) |
| ၈း၅၀ | "သာယာဝေစည်ရှမ်းတို့ပျော်ရာ ဟူမွလင်းမြို့နယ်၌ဒနေ" |
| ၉း၃၅ | Business News |
| ၁၀း၃၅ | ကဗျာရိပ်မြုံ"မင်းသုဝဏ်ကဗျာများ" |
| ၁၀း၄၅ | "သက်ရှိများအတွက် လိုအပ်သော ဇီဝမျိုးစုံ မျိုးကွဲများ" |
| ၁၁း၁၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "သဘော်ာပင်" |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၅ | ခရစ္စမတ်ကာတွန်းဇာတ်လမ်း "စူပါစာအုပ်ရဲ့အကောင်းဆုံးခရီးစဉ်" |
| ၂း၂၀ | ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာနိုင်ငံတကာရုပ်ရှင်ပွဲတော်)"ဓားသွေးကျောက်၊ ကြိုး" (A Whet Stone The Rope) |
| ၃း၁၅ | "ရင်ကိုအေးမြစေ" (ခန့်စည်သူ၊ ဇေယျ၊ မေသဥ္ဇာဦး၊ ဂျက်ဆီကာဒါဒါ) (ဒါရိုက်တာ-ဇော်မြင့်ဦး) |
| ၄း၃၅ | 'NHK Programme "ကမ္ဘာကြီးထံမှ တန်ဖိုးထားစရာများ" (မြေကြီးဆီမှ) |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | ရှုဖွယ်စုံလင်အာဆီယံတစ်ခွင် |
| ၅း၄၅ | ASEAN Spotlight |
| ၆း၃၅ | Tasty Trip |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"မြေပျို့မယ်ရဲ့ မာယာကလဲ့စား" (အပိုင်း-၁၇) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ ဂီတတံခါးလေးဖွင့်ပါဦး ဂီတသမား၊ ဂီတစကား "ငွေအကြောင်းခေတ်ဟောင်းတေး" (ဦးဝင့်အောင်၊ ဦးမောင်မောင်လတ်) |

**မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

ဝန်းကျင်သန့်ရှင်းသာယာရေး အလေ့အကျင့်ကောင်းမွေးမြူပေး

# နည်းပြ အလန်ပါဂျူးနေရာ ဆမ်အလာဒိုက်စ်နဲ့ အစားထိုးရန် ကြိုးပမ်းနေပြီဖြစ်တဲ့ ခရစ္စတယ်ပဲလေ့စ်

ခရစ္စတယ်ပဲလေ့စ်အသင်းသည် နည်းပြ အလန်ပါဂျူးကို ဒီဇင်ဘာ ၂၂ ရက်တွင် ထုတ်ပယ်လိုက်ပြီဖြစ်ရာ ပါဂျူးနေရာ ဆမ်အလာဒိုက်စ်ဖြင့် အစားထိုးရန် ပြင်ဆင်နေပြီဖြစ်သည်။ ပါဂျူးသည် ပဲလေ့စ်နည်းပြအဖြစ် နှစ်နှစ်နီးပါး တာဝန်ယူခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီတွင် ပဲလေ့စ်အသင်းကို အက်ဖ်အေဖလား ဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ သို့သော် ယခုနှစ် ဘောလုံးရာသီတွင် ပဲလေ့စ်အသင်း ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့်(၁၇)နေရာ ရောက်ရှိနေခဲ့ခြင်းကြောင့် ပဲလေ့စ်အသင်းဥက္ကဋ္ဌ စတိဗ်ပါရစ်ချ်က နည်းပြ အပြောင်းအလဲလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါထုတ်ပယ်မှုကြောင့် ပါဂျူးအနေဖြင့် စာချုပ်ပါစည်းကမ်းအရ ပေါင်သုံးသန်းလျော်ကြေး ရရှိမည်ဖြစ်ကြောင်း မေးလ်အွန်လိုင်းသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။ ပါဂျူးက လောလောဆယ်အနေအထားအရ ရလဒ်များဆိုးရွားနေသော်လည်း လာမည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်အရောက်တွင် ကစားသမားသစ်များ ဝယ်ယူအားဖြည့်ပြီး ရလဒ်ပိုင်းပြောင်းလဲအောင် စွမ်းဆောင်နိုင်မည်ဖြစ်ရာ အဆိုပါ အခွင့်အရေးမပေးခဲ့သည့်အတွက် ပဲလေ့စ် တာဝန်ရှိသူများကို ပြစ်တင်ဝေဖန်ခဲ့သည်။

ပဲလေ့စ်အသင်းဥက္ကဋ္ဌ ပါရစ်ချ်က ပါဂျူးကို ထုတ်ပယ်ပြီး ၂၄ နာရီအတွင်း အင်္ဂလန်နည်းပြဟောင်း ဆမ်အလာဒိုက်စ်နှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်။ ဆမ်အလာဒိုက်စ်သည် ပရီမီယာလိဂ်အတွေ့အကြုံကြွယ်ဝသူဖြစ်ပြီး ဘော်လ်တန်၊ ဆန်းဒါးလန်းအသင်းတို့ကို ကိုင်တွယ်ဖူးသူဖြစ်ရာ ၎င်းကို ပဲလေ့စ်နည်းပြသစ်အဖြစ် ခန့်အပ်ရန် ပဲလေ့စ်အသင်းအဓိက ရှယ်ယာရှင်များဖြစ်သည့် ဂျို့စ်ဟားရစ်၊ ဒေးဗစ်ဘလစ်ဇာနှင့် ဥက္ကဋ္ဌ စတိပါရစ်ချ်တို့က လိုလားနေခြင်းဖြစ်သည်။ ၎င်းတို့ သုံးဦးစလုံးက ပဲလေ့စ်ကစားသမားများ၏ ကိုယ်ရေးအချက်အလက်အသေးစိတ်ကို ဆမ်အလာဒိုက်စ်ထံ အီးမေးလ်မှတစ်ဆင့် ပေးပို့ပြီးဖြစ်ကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ဆမ်အလာဒိုက်စ်အပြင် ဝေလလက်ရွေးစင်အသင်းနည်းပြ ခရစ္စကိုးလ်မန်း၊ အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်း ရွိုင်းဟော့ဂ်ဆန်နှင့် မန်စီးတီးနည်းပြဟောင်း မန်စီနီတို့ကို ချိတ်ဆက်နေသော်လည်း ဆမ်အလာဒိုက်စ်သာ ဦးစားပေးပစ်မှတ်ဖြစ်သည်။ အကယ်၍ ဆမ်အလာဒိုက်စ်သာ ပဲလေ့စ်နည်းပြအဖြစ် ခန့်အပ်ခံရပါက ဘောက်ဆင်ဒေး ဝက်ဖို့ဒ်အသင်းနှင့် ကစားမည့်ပွဲစဉ်ကို ကိုင်တွယ်ဦးမည်မဟုတ်ဘဲ အာဆင်နယ်နှင့် ကစားမည့် ပရီမီယာလိဂ် ပွဲစဉ် (၁၉)ရောက်မှသာ စတင်ကိုင်တွယ်သွားမည်ဖြစ်သည်။

ဆမ်အလာဒိုက်စ်မှာ အင်္ဂလန်အသင်းနည်းပြအဖြစ် ဇူလိုင်လတွင် ခန့်အပ်ခံခဲ့ရပြီး စီးပွားရေးလုပ်ငန်းရှင်အယောင်ဆောင် သတင်းထောက်များကို အက်ဖ်အေ၏ စည်းမျဉ်းများ မည်သို့ ချိုးဖောက်၍ ရသည်ဆိုသည်ကို အကြံပြုခဲ့သည့် ဗီဒီယိုမှတ်တမ်း ပေါ်ပေါက်လာပြီးနောက် စက်တင်ဘာလအရောက်တွင် အင်္ဂလန်အသင်းနှင့် လမ်းခွဲခဲ့ရသူဖြစ်သည်။ **(ရွှင်ယန်ဟောဒင်)**



# လူမှုကွန်ရက်စာမျက်နှာများရဲ့ အလွှမ်းမိုးနိုင်ဆုံး ကစားသမားအဖြစ် စီရိုနယ်လ်ဒို အောင်ပွဲခံပြန်ပြီ

**၂၀၁၆ ခုနှစ်အတွင်း စီရိုနယ်လ်ဒိုက ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ရော အောင်မြင်မှုတွေရှာဖွေနိုင်ခဲ့သလို တစ်ဦးချင်းထူးချွန်ဆုတွေလည်း သိမ်းပိုက်နိုင်ခဲ့တာကြောင့် သူ့အတွက် တကယ့်ကို ထူးခြားတဲ့နှစ်တစ်နှစ်လို့ ကင်ပွန်းတပ်ခဲ့ပြီး ရက်သတ္တတစ်ပတ်မပြည့်ခင်မှာပဲ နောက်ထပ်အောင်မြင်မှုတစ်ခု ထပ်မံရရှိပြန်ပါပြီ။**

ဒါကတော့ စီရိုနယ်လ်ဒိုရဲ့ပို့စ်တွေက လူမှုကွန်ရက်မီဒီယာတွေဖြစ်တဲ့ ဖေ့စ်ဘွတ်၊ အင်စတာဂရမ်နဲ့ တွစ်တာစာမျက်နှာများမှတစ်ဆင့် ကမ္ဘာတစ်ဝန်း ပရိသတ်တွေကို အကြီးအကျယ်လွှမ်းမိုးနိုင်ခဲ့တာဖြစ်ပါတယ်။ စီရိုနယ်လ်ဒိုတင်ခဲ့တဲ့ ပို့စ်တွေဟာ ဖေ့စ်ဘွတ်ရဲ့ ထိပ်တန်းသုံးနေရာ၊ အင်စတာဂရမ်ရဲ့ ထိပ်တန်းငါးနေရာ သိမ်းပိုက်နိုင်ခဲ့တယ်လို့ လူမှုကွန်ရက် လေ့လာဆန်းစစ်ရေးအဖွဲ့ ခရောက်တန်ဂယ်ရဲ့ဖော်ထုတ်ချက်အရ သိရပါတယ်။ ဒီပို့စ်တွေက ပရိသတ် ၃၄ သန်းရဲ့ တုံ့ပြန်မှု (Like၊ Comment၊ Share) တွေရရှိခဲ့တာကြောင့် ဒီအရေးအတွက်က လူမှုကွန်ရက်စောင့်ကြည့် သုတေသနပြုသူတွေကိုပါ အံ့အားသင့်စေခဲ့တာပါ။ ဒါကြောင့် ခရောက်တန်ဂယ်အဖွဲ့ကတော့ စီရိုနယ်လ်ဒိုကို ၂၀၁၆ ခုနှစ် လူမှုကွန်ရက် ဘုရင်လို့ တင်စားခဲ့တာဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုရဲ့ ပရိသတ်စိတ်ဝင်စားမှုအများဆုံးရရှိတဲ့ ပို့စ်တွေကတော့ သူ့မွေးနေ့ပွဲမှာ သားဖြစ်သူနဲ့အတူရှိနေတဲ့ပုံ၊ ပေါ်တူဂီအသင်းသားတွေအားလုံး လေယာဉ်ပေါ် ယူရိုဖလားပွဲကြီးနဲ့ အောင်ပွဲခံနေတဲ့ ပုံရိပ်တွေအပြင် ကားသစ်ကြီးရှေ့ရပ်နေတဲ့ ပုံရိပ်တွေ ပါဝင်နေတာကြောင့် ပရိသတ်တွေက သူ့ရဲ့ကွင်းတွင်းလှုပ်ရှားမှု ပုံရိပ်တွေထက် ပြင်ပလှုပ်ရှားမှုပုံရိပ်တွေကို ပိုပြီးစိတ်ဝင်စားနေတဲ့အတွက် ဟောလိဝုဒ်ကို ခြေချလိုတဲ့ စီရိုနယ်လ်ဒိုရဲ့ ရည်မှန်းချက်တွေတော့ ပေါက်မြောက်လာဖို့ ရှိနေပါတယ်။

**(ရွှင်ယန်ဟောဒင်)**



# အာဆင်နယ်၊ လီဗာပူးတို့ကို နောက်ကောက်ချပြီး ဒရက်ဇ်လာကို ပီအက်စ်ဂျီအသင်း အရခေါ်ယူနိုင်ခဲ့

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းက ပရီမီယာလိဂ်အသင်းများဖြစ်တဲ့ လီဗာပူး၊ အာဆင်နယ်တို့ကို နောက်ကောက်ချကာ ဝုဖ်ဘတ်တောင်ပံတိုက်စစ်မှူး ဒရက်ဇ်လာကို ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းဖြင့် ခေါ်ယူရန် သဘောတူညီချက်ရရှိလိုက်ပြီဖြစ်သည်။ ဒရက်ဇ်လာ၏ အပြောင်းအရွှေ့သည် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်အတွင်း ပထမဦးဆုံးဖြစ်မြောက်လာမည့် ဥရောပအပြောင်းအရွှေ့တစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

အိုဇေးလ်က ဒရက်ဇ်လာအား အာဆင်နယ်သို့ ခေါ်ယူရန် နည်းပြဝင်းဂါးကို တိုက်တွန်းခဲ့သေးရာ အဆိုပါအပြောင်းအရွှေ့ ဖြစ်မြောက်မလာခဲ့ခြင်းကြောင့် အိုဇေးလ်နှင့် အာဆင်နယ် စာချုပ်သစ် ချုပ်ဆိုရေးကိစ္စရပ်ပါ အဆိုးဘက်သို့ ပိုမိုဦးတည်နိုင်သည်ဟူသော နောက်ဆက်တွဲဂယက်များလည်း ထွက်လာခဲ့သည်။ လီဗာပူးအသင်းသည်လည်း အာဖရိကဖလားပွဲကြောင့် တိုက်စစ်မှူး မာနေးကို ဆုံးရှုံးရဦးမည်ဖြစ်ပြီး ကော်တင်ဟိုလည်း ဒဏ်ရာပြဿနာရှိနေရာ ဒရက်ဇ်လာကိုရရှိရေး ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် ပီအက်စ်ဂျီအသင်း၏ ငွေကြေးအလုံးရင်းဖြင့် ကမ်းလှမ်းနိုင်မှုက လီဗာပူးနှင့် အာဆင်နယ်တို့၏ ခြေလှမ်းများကို အလုံးစုံ ရပ်တန့်စေနိုင်ခဲ့သည်။

လတ်တလောအခြေအနေတွင် ပီအက်စ်ဂျီတောင်ပံတိုက်စစ်ကစားသမားများဖြစ်သည့် ဒီမာရီယာ၊ လူးကပ်စ်မော်ရာနှင့် ဘင်အာဖာတို့အားလုံး အကောင်းဆုံးပုံစံပျောက်ဆုံးနေသဖြင့် အသင်း၏ သွင်းဂိုးများအတွက် ကာဗာနီအပေါ်သာ မှီတည်နေရခြင်းကြောင့် ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်အတွင်း နည်းပြ အမ်မရီက တောင်ပံတိုက်စစ်ကစားသမားတစ်ဦးကို ပထမဦးဆုံးခေါ်ယူရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဝုဖ်ဘတ်အသင်းသည် ဒရက်ဇ်လာအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ သတ်မှတ်ခဲ့ပြီး ပီအက်စ်ဂျီအသင်းက ပေါင် ၃၈ သန်းအပြင် ကစားသမားအောင်မြင်မှုအပေါ်မူတည်၍ အခြားအပိုဆုကြေးများ ရရှိမည်ဟု ကမ်းလှမ်းခဲ့ရာ သဘောတူညီချက် လျှင်လျှင်မြန်မြန်ပင် ရရှိခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ဒရက်ဇ်လာ၏ ဝုဖ်ဘတ်အသင်းကစားဖော် ရိုဒရီဂွက်ဇ်ကိုလည်း ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။ **(ရွှင်ယန်ဟောဒင်)**



# စပါးဂိုးသမား ဟူဂိုလိုးရစ် ၂၀၂၂ ထိဆက်ရှိမည့် စာချုပ်သစ်ချုပ်ဆို

စပါးအသင်းမှ ပြင်သစ်ဂိုးသမား ဟူဂိုလိုးရစ်သည် စပါးအသင်း၌ ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း သိရသည်။

အသက် (၂၉)နှစ်အရွယ်ရှိ စပါးအသင်းခေါင်းဆောင် ၂၀၁၂ ခုနှစ် ဩဂုတ်လအတွင်းက ပြောင်းရွှေ့ကြေး ပေါင် ၇ ဒသမ ၈ သန်းဖြင့် လိုင်ယွန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး စပါးအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် စပါးအသင်းနှင့်အတူ ပရီမီယာလိဂ်ပွဲစဉ် ၁၅၁ ပွဲ ပါဝင်ကစားပေးထားပြီးဖြစ်သည်။ လက်ရှိတွင် ဟူဂိုလိုးရစ်သည် စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၈၉ ပွဲအထိ ပါဝင်ကစားပေးထားနိုင်ခဲ့သည်။

စပါးအသင်းခေါင်းဆောင် ဟူဂိုလိုးရစ်သည် ယခင်စာချုပ်အရ တစ်ပတ်လျှင် လုပ်ခလစာ ပေါင် ၈၀၀၀၀ ရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။ ဂိုးသမား ဟူဂိုလိုးရစ်သည် စပါးအသင်းနှင့် ငါးနှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် တစ်ပတ်လုပ်ခလစာ ပေါင် ၁၀၀၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဟူဂိုလိုရစ်သည် ယခုနှစ်ဘောလုံးရာသီတွင် ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ ပွဲပေါင်း ၂၄ ပွဲ ပါဝင်ကစားပေးထားခဲ့ပြီး လက်ရှိချုပ်ဆိုလိုက်သည့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဆိုပါက ၎င်း၏ အသက်သည် (၃၅)နှစ်အရွယ်သို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

စပါးအသင်းသည် ဂိုးသမား ဟူဂိုလိုးရစ်အပြင် တိုက်စစ်မှူး ဟယ်ရီကိန်းကိုလည်း ယခုလအစောပိုင်းတွင် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး ၂၀၂၂ ခုနှစ်အထိ စပါးအသင်း၌ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒယ်လီအယ်လီ၊ အဲရစ်ဆင်၊ ဒမ်ဘီလီ၊ ဒန်နီရို့စ်နှင့် အဲရစ်ဒိုင်ယာတို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

**(ငွေကြယ်)**

# မန်ယူအသင်း ပရီမီယာလိဂ်ဖလား ရယူနိုင်မည့်အလားအလာရှိဟုဆို

မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လက်ရှိအဆင့် (၆)နေရာ၌ ရပ်တည်လျက်ရှိသော်လည်း ပရီမီယာလိဂ်ဖလားရယူနိုင်မည့် အလားအလာကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားကြောင်းနှင့် လာမည့်ဘောလုံးရာသီတွင်လည်း ယခုထက် ပိုမိုတောင့်တင်းပြီး စုဖွဲ့အားကောင်းသည့် အသင်းတစ်သင်းဖြစ်လာနိုင်ကြောင်း မန်ယူအသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဖာဒီနန်က ၎င်း၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။


မန်ယူအသင်းသည် နောက်ဆုံးကစားခဲ့သည့် ပွဲလေးပွဲအပါအဝင် ပြိုင်ပွဲအရပ်ရပ်၌ ၁၀ ပွဲဆက်တိုက်ရှုံးပွဲမရှိ စံချိန်တင်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် မန်ယူအသင်းအတွက် ပုံမှန်ခြေစွမ်းပြန်လည်ရရှိနေပြီဖြစ်သည်။ ထို့ပြင် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင်လည်း ကစားသမားသစ် ထပ်မံခေါ်ယူမည်ဖြစ်ပြီး ဘင်ဖီကာနောက်တန်းကစားသမား ဗစ်တာလင်ဒီလော့ဖ်ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ လင်ဒီလော့ဖ်သည် ပြောင်းရွှေ့ကြေး ပေါင် ၃၈ သန်းဖြင့် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့လာမည်ဆိုသည့် သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

နည်းပြ မော်ရင်ဟို၏ မန်ယူအသင်းသည် လက်ရှိတွင် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်တွင် ဦးဆောင်နေသည့် ချယ်လ်ဆီးအသင်းနှင့် ၁၃ မှတ်အကွာ အဆင့်(၆)နေရာတွင် ရပ်တည်လျက်ရှိပြီး အဆင့်(၄)နေရာမှ အာဆင်နယ်အသင်းနှင့် လေးမှတ်အကွာတွင် ရှိနေသည်။

မန်ယူအသင်းသည် ဘောက်ဆင်ဒေးပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်ကွင်း၌ ဆန်းဒါးလန်းအသင်းကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်ပြီး နောက်နှစ်ရက်တွင် မစ်ဒယ်ဘရော့အသင်းနှင့် ထပ်မံကစားရမည်ဖြစ်သည်။ အက်ဖ်အေဖလားချန်ပီယံ မန်ယူအသင်းသည် နှစ်သစ်အခါသမယအဖွင့်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## အိုဘယ့် တံချူရှင်

ဆူဒိုနင်

**တိမ်သလ္လာ**

လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က မျက်မှန်အသစ်လုပ်ဖို့ မျက်စိစမ်းတော့ မျက်လုံးပြူးသွားတယ်။ ညာဘက်က အနုတ် ၂ ဒသမ ၀၀ ပေမယ့် ဘယ်ဘက်က အလားတူ လျော့မလာဘဲ ၆ ဒသမ ၅၀ တောင် ဖြစ်နေတာကို သိလိုက်ရပါတယ်။ ဘာဖြစ်လို့ အဲလိုဖြစ်တာလဲလို့ မျက်စိစမ်းပေးသူ ဆရာဝန်ကို မေးတော့လည်း ဘာမှမဖြစ်ပါဘူးတဲ့။ သည်အရွယ်မှာ ဖြစ်တတ်ပါတယ်တဲ့။

အတွေးခေါင်တတ်သူ ကျွန်တော့်မှာ ဗျာများပြီပေ့ါ။ ဘယ်ဘက်နားကလည်း မကြားလှဘူး။ ခုတစ်ခါ ဘယ်ဘက် မျက်စိကလည်း ပါဝါတွေ မတက်စဖူးတက်နေပြီဆိုတော့ ကျွန်တော့် ဘယ်ဘက်ခြမ်း အာရုံကြောတွေများ တစ်ခုခုဖြစ်ကုန်ပြီလား၊ ဘာလား၊ ညာလားပေ့ါ။ ဒါနဲ့ မနှစ်ကသည်အချိန် ဗန်ကောက်ရောက်တော့ ဗန်ကောက်က မျက်စိဆေးရုံမှာ သွားပြတယ်။ အဲတော့လည်း အဖြေက ရှင်းသွားပါတယ်။ ဘယ်ဘက်မျက်လုံးမှာ တိမ်စွဲနေပြီတဲ့။ဇရာဆိုတာ တားမှ မရတာလေ။

**ခွဲမယ်ဗျာ**

အဲတုန်းကတော့ ဆရာဝန်ကလည်း ဘာမှ မပြောတာနဲ့ သည်တိုင်းပဲ ပြန်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်တော့်အမြင်အာရုံက သိပ်မကောင်းချင်တော့ဘူး။ ဒါနဲ့ ခွဲမယ် စိတ်ကူးပါတယ်။ တိမ်ခွဲတယ်ဆိုတာ ခုခေတ်မှာ အဆန်းမှ မဟုတ်တာ။ အမေလည်း မျက်လုံးနှစ်ဖက်စလုံးခွဲတာ၊ အေးအေးဆေးဆေးပဲဆိုတော့ ခွဲဖို့စိတ်ကူးလိုက်ပါတယ်။ သို့သော် ရန်ကုန်မှာတော့ မခွဲချင်ဘူး။ အလုပ်လေးပါးတဲ့ အခါကျတော့မှ ဗန်ကောက်မှာပဲ ခွဲတော့မယ်ပေ့ါ။

ရန်ကုန်မှာ မခွဲချင်တာက ဆေးရုံ၊ ဆေးခန်းတွေကို ကြောက်လို့ပါ။ ဘာဖြစ်မှန်း မသိဘူး၊ ဆေးရုံဆေးခန်းတွေမှာက တံခါးပေါက်စောင့်ကအစ မျက်နှာကျောတင်းတင်းတွေ ဖြစ်နေတာကို ကျွန်တော်မခံစားနိုင်ဘူး။ စာရေးမတွေကလည်း သဟောက်သဟ၊ သူနာပြုတွေကလည်း မာရေကျောရေ၊ ဆရာဝန်တွေကလည်း မေးတစ်ခွန်း၊ ဖြေတစ်ခွန်း၊ မေးတာလည်း ကြိုက်ပုံမရ။ ကျွန်တော့်စိတ်နဲ့ သိပ်အဆင်မပြေဘူး။ (အကုန်လုံးကို မဆိုလိုဘူးနော်၊ အများစုကို ပြောတာပါ။ အဲဒီထဲကမှ ဆွေ့ဆွေ့ခုန်ပြမယ်ဆိုလည်း အများစုထဲကလို့ပဲ မှတ်လိုက်ရုံပေ့ါဗျာ။ ဘာခက်တာလိုက်လို့။)

ဒါနဲ့ ဗန်ကောက်ကို သွားမယ်ပေ့ါ။ လေယာဉ်လက်မှတ် ယူပြီးတော့ မျက်စိဆေးရုံကို လှမ်းစုံစမ်းတော့မှ မျက်လုံးပြူးသွားတယ်။ ဈေးက မနည်းဘူး။ ခွဲပြီး ၄-၅-၁၀ နှစ်လောက် နေလိုက်ရသေးတယ်ဆို ဟုတ်တုတ်တုတ်။ ခွဲပြီး နက်ဖြန် သဘက် သေရမယ်ဆို နှမြောစရာ။

**ဈေးပြိုင်**

အဲလိုနဲ့ပဲ ဗန်ကောက်ကသွားနေကျ သာသနာပြုဆေးရုံမှာ ပြကြည့်၊ ဈေးစုံစမ်း ကြည့်မယ် စိတ်ကူးပြီး ထွက်လာခဲ့လိုက်ပါတယ်။ အဲဒီဆေးရုံက တခြားဆေးရုံတွေထက် ဈေးအထိုက်အလျောက် သက်သာမှန်း သိပြီးမို့ပါ။

ရောက်ရောက်ချင်းပဲ အဲဒီဆေးရုံမှာ ဆရာဝန်နဲ့လည်း ပြလိုက်ရောဟုတ်တယ်၊ ကျွန်တော့် တိမ်ကတော်တော်ထူနေပြီ။ အမြင်အာရုံ ကောင်းချင်ရင်တော့ ခွဲတဲ့နည်းပဲ ရှိပါတယ်တဲ့။ ခွဲလိုက်ရင် ကြုံတွေ့ရနိုင်တဲ့ အန္တရာယ်က သုံးခုရှိတယ်။ ပထမတစ်ခုက လူ ၃၀၀၀ မှာ တစ်ယောက်လောက်ဖြစ်တဲ့ ရောဂါပိုးဝင်တာ။ အဲဒါက ထိုင်းလို၊ မြန်မာပြည်လို ပူနွေးစွတ်စိုတဲ့ ဒေသတွေမှာ ပိုအဖြစ်များတယ်။ ဒါပေမယ့် သုံးထောင်မှာ တစ်ယောက်နှုန်းလောက်ပဲ ဖြစ်တတ်တယ်။ အဲဒါဖြစ်ရင် အမြင်အာရုံ အနည်းနဲ့အများ ထိခိုက်နိုင်တယ်။ နောက်တစ်ခုကကျတော့ တိမ်ဖြစ်နေတဲ့ အလွှာနေရာမှာ အစားထိုးတဲ့ မှန်ဘီလူးကို မျက်လုံးထဲက ကြွက်သားလေးက မထိန်းနိုင်တဲ့ ပြဿနာ။ အဲဒါက တစ်ရာမှာ တစ်ယောက်လောက် ဖြစ်တတ်တယ်။ အဲလိုဆိုရင် ခွဲစိတ်မှုက ပိုဇယားရှုပ်မယ်။ နောက်ဆုံးတစ်ခုက မျက်လုံးအိမ်ထဲက ပြဿနာ။ အဲဒါ အသေးစိတ်တော့ မမှတ်မိတော့ဘူး။ သူကတော့ အကျအန ရှင်းပြပါတယ်။

ဟုတ်ကဲ့-မှန်းခြေဘယ်လောက်ကျမလဲဆိုတော့ သူနာပြုကို လှမ်းတိုင်ပင်ပြီး အဖြေပေးတယ်။ ဟိုမျက်စိအထူးကုဆေးရုံထက် ၁၅ ရာခိုင်နှုန်း သက်သာမှာ သိလိုက်တယ်။ ဒါလည်း ကျွန်တော့်အတွက်တော့ များချင်နေတုန်းပဲ။ သို့ပေမယ့် ကံက ကောင်းချင်တော့ စစ်ဆေးပေးတဲ့ ဆရာဝန်မက ဈေးသက်သာတဲ့ဆေးရုံ သူစုံစမ်းပေးမယ်၊ ခဏစောင့်တဲ့။ သူက ဖုန်းခေါ်လိုက်ပြီး ထိုင်းဘာသာစကားနဲ့ ပြောဆိုနေတာ သုံးမိနစ်လောက်ကြာတယ်။ ဖုန်းချပြီးတော့ သူက ကျွန်တော့်ကို ပြောတယ်။ဈေးသက်သာတဲ့ ဆေးရုံရပြီတဲ့။ အဲဒီဆေးရုံမှာ ခွဲတာရော၊ တစ်ညအိပ် ဆေးရုံတက်ခရော၊ အကုန်အပြီးအစီးတဲ့။ သာသနာပြုဆေးရုံမှာက တစ်ညအိပ်နေမယ်ဆိုရင် အပိုကြေးတွေ ထပ်ပေးရမှာ။ အခုဆေးရုံရဲ့အပြီးအစီးနှုန်းက ကျွန်တော် ရန်ကုန်က လှမ်းမေးထားတဲ့ မျက်စိအထူးကုဆေးရုံရဲ့ ဈေးထက် ၃၀ ရာခိုင်နှုန်းကျော် သက်သာနေပြီမို့ ခွဲပ့ါမယ် မမပေ့ါ။

**ဒုတိယ ဆေးရုံ**

ဒါဆိုရင် နက်ဖြန်ကျ သူထိုင်မယ့် ဆေးရုံကို မနက်ပိုင်းလာပါ။ တစ်ညလုံး အစာမစားဘဲ နေပြီးမှ သွေးစစ်မယ်တဲ့။ အဲဒါနဲ့ နောက်ဆေးရုံတစ်ရုံကို ရောက်သွားတယ်။ ဆရာဝန်မ ရေးပေးလိုက်တဲ့ စာရွက်ကလေးကို ပြလိုက်တော့ သူနာပြုလေးတွေက ပြုံးရွှင်ဖော်ရွေစွာပဲ ကျွန်တော့် မျက်လုံးကို စစ်စရာရှိတာတွေ စစ်တယ်။ သွေးပေါင်ချိန်၊ ကိုယ်အလေးချိန်၊ အရပ်တိုင်းတာတွေလုပ်တယ်။ သွေးဖောက်တဲ့ သူနာပြုမကြီးကတော့ ရုပ်တည်ကြီးနဲ့။ သွေးဖောက်ပြီးလို့ သူ့ကို ကျေးဇူးတင်ပါတယ်လို့လည်း ပြောလိုက်ရော ရုပ်တည်ကြီးက ချက်ချင်း ပြုံးရွှင်သွားတော့တာများ ပါးစပ်က နားရွက်တက်ချိတ်မတတ်။

ကျွန်တော့်မျက်လုံးထဲကို သူငယ်အိမ်ကျယ်စေတဲ့ မျက်စဉ်းခတ်ပြီး နာရီဝက်စောင့်ရမယ်ဆိုတာနဲ့ သွေးလည်းဖောက်ပြီးတဲ့ အတူတူ၊ ဝမ်းကလည်း ဟာနေပြီမို့ စားလို့သောက်လို့ရမယ့်နေရာကို မေးစမ်းလိုက်တော့ ဒုတိယထပ်မှာ ရှိသတဲ့။ ဒုတိယထပ်မှာ ရှာလိုက်တော့ အံမယ်မင်း- ဗန်ကောက်ကုန်တိုက်ကြီးတွေမှာ အတွေ့ရများတဲ့ စားသောက်ဆိုင်ပေါင်းစုံ စုဝေးရာခန်းမကြီး ဖြစ်နေတယ်။ စားပြီပေ့ါ။ ဗန်ကောက်ဖြစ်ဖြစ်၊ မဲဆောက်ဖြစ်ဖြစ်၊ ရွာတွေမှာပဲဖြစ်ဖြစ်၊ ဘယ်နေရာက စားသောက်ဆိုင်မှာ စားစား၊ ဈေးလည်းချို၊ အရသာလည်းရှိ၊ သန့်လည်း သန့်ရှင်းတာချည်း စားရတတ်စမြဲမို့ ဆေးရုံ စားသောက်ခန်းမမှာလည်း စိတ်ကြိုက်တွယ်ပစ်လိုက်တယ်။

ပြီးတော့ ဆရာဝန်မနဲ့ တွေ့ရပါတယ်။ သူက စစ်ဆေးပြီးတဲ့နောက် နက်ဖြန်မနက် ကိုးနာရီခွဲမှာ ခွဲပေးမယ်၊ အဲဒီဆေးရုံကို မနက် ၈ နာရီ အရောက်လာပါလို့ ပြောပါတယ်။ ကျွန်တော့် ဖုန်းနံပါတ်ကိုလည်း ယူထားလိုက်တယ်။ အဲဒီ့ဆေးရုံက သူနာပြုတစ်ယောက် ဆက်သွယ်လာလိမ့်မယ်တဲ့။

ကျွန်တော်တို့လည်း သမီးတော် ငါးကျည်းကြော်မှာလိုက်တာလေးတွေ ဝယ်ခြမ်းဖို့ မြို့ထဲက ကုန်တိုက်တစ်ခုဆီ သွားလိုက်ကြပါတယ်။ ကျွန်တော့်အိမ်သူ ကုန်တိုက်ထဲ ပတ်နေတုန်း ကျွန်တော်တို့က ကုန်တိုက်ထဲက ကော်ဖီဆိုင်မှာ ကော်ဖီသောက်ရင်း စောင့်ကြတယ်ပေ့ါ။ စားပွဲထိုးက ကော်ဖီခွက်ချခါစပဲ ရှိသေးတယ်၊ ဖုန်းဝင်လာတယ်။ သူနာပြု ဆက်တယ်မှတ်တာ၊ ဆရာဝန်မမ ကိုယ်တိုင်ဖြစ်နေတယ်။ တိမ်စွဲနေတဲ့မျက်သားကို အစားထိုးဖို့ မှန်ဘီလူးရပြီ၊ ကနေ့ညနေ ၄ နာရီခွဲမှာ ခွဲမယ်။ ဆေးရုံကို ၂ နာရီခွဲ အရောက်လာပါတဲ့။ နာရီကိုကြည့်တော့ ၁ နာရီက ထိုးနေပြီ။

**ဖဦးထုပ် လူသားရင်းမြစ်များ**

ကျွန်တော့်အိမ်သူဆီဖုန်းလှမ်းဆက်ပြီး ဆေးရုံချက်ချင်းပြေးရတော့တာပေ့ါ။ဒါ ခုတစ်ခေါက်မှာ ရောက်ရတဲ့ တတိယမြောက်ဆေးရုံပါ။ အောက်ထပ်ဧည့်ကြိုတစ်ဝိုက်မှာတင် လူတွေပျားပန်းခပ်။ဧည့်ကြိုမှာ စုံစမ်းလိုက်တော့ တစ်နေရာကို ညွှန်တယ်။ နိုင်ငံတကာ လူနာမှတ်ပုံတင်ဌာန။ အဲဒီမှာ မြန်မာမျက်နှာကျနဲ့ တစ်ယောက်က အင်္ဂလိပ်စကားကို ရည်ရည်မွန်မွန်ပြောနေတာမို့ မေးလိုက်မိတယ်။ ဘယ်နိုင်ငံသားလဲလို့။ ဖိလစ်ပိုင်ကပါတဲ့။ မှတ်ကရောဗျာ-

အဲဒီမှာ မှတ်ပုံတင်ပြီးတော့ မျက်စိဌာနရှိရာ အထပ်ကို တက်ခဲ့ပါတယ်။ အဲဒီကျတော့လည်း ချိုပြုံးရွှင်သော သမီးပျိုငယ်လေးတွေ တွေ့ရပြန်တယ်။ ခက်တာက သူတို့စကား ကျွန်တော်မတတ်၊ အင်္ဂလိပ်စကားလည်း သူတို့မပြောတတ်။ ဒါလည်း ချက်ချင်းပဲ ပြေလည်သွားပါတယ်။ သူနာပြုဦးထုပ်ကလေးဆောင်းထားတဲ့ သွယ်သွယ်ချောချောလေးတစ်ယောက် ရောက်လာတယ်။ သူကလည်း အင်္ဂလိပ်လို မွတ်လို့ရယ်။ မေးကြည့်လိုက်တော့ ဖိလစ်ပိုင်သူဖြစ်နေပြန်တယ်။ ဒါနဲ့ ဆက်မေးတော့ အဲဒီဆေးရုံမှာတင် ဖိလစ်ပိုင်နိုင်ငံသူ နိုင်ငံသား အမှုထမ်း ၂၀၀ လောက် ရှိပါသတဲ့။

ညံ့လိုက်တဲ့ မားကို့(စ်)။ သာသနာပြုကျောင်းတွေ ပြည်သူပိုင်မသိမ်းခဲ့၊ ငါးတန်းမှ အင်္ဂလိပ်စာသင်တဲ့စနစ်ကို မကျင့်သုံးစေခဲ့တော့ သူ့ခမျာ အာဏာရှင်သက်လည်း မရှည်ခဲ့၊ တစ်ပြည်လုံးလည်း နလပိန်းတုံးတွေ မဖြစ်ခဲ့၊ နိုင်ငံတကာမှာလည်း ပွဲလယ်တင့်၊ မျက်နှာမငယ်တဲ့ ကော်လာဖြူ လူတန်းစား နိုင်ငံခြားငွေရှာသူတွေ မွေးထုတ်နိုင်ခဲ့တော့ပေတာပဲ။ ရင်အောင့်စွာမုဒိတာပွားရင်း အဲဒီတစ်ယောက်ကပဲ မျက်လုံးကို စစ်ဆေး၊ မခွဲစိတ်ခင် လိုအပ်တဲ့ မျက်စဉ်းတွေ ခတ်ပေးတာ ခံယူရတယ်။

**ဝန်ဆောင်မှု အထွေထွေ**

ကဲ-ကျော်လိုက်တော့မယ်ဗျာ။ မခွဲစိတ်ခင်မှာ စာရွက်တွေကို လက်မှတ်ထိုးရတယ်။ ဘယ်စာရွက်က ဘာကိုသဘောတူတာ၊ ဘာကို ဘာစသဖြင့် အကုန်လုံး ရှင်းပြပါတယ်။ အဲဒီ့ထဲက တစ်ရွက်ကတော့ အားလုံး ပြီးစီးသွားရင် ကျသင့်ငွေကို ပေးပ့ါမယ်ဆိုတဲ့ ခံဝန်ချက်။ သဘောကျတယ်။ ပိုက်ဆံစကားက ခုမှ ပြောတာ။ ပြောတာလည်း ကြိုတောင်းတာ မဟုတ်ဘူး။ ယုံကြည်မှုနဲ့ အလုပ်လုပ်နေတာ။ နိပ်ချက်ကတော့ ကမ်းကုန်ပဲ။

ခွဲတာ စိတ်တာက ဘာမှ မကြာပါဘူး။ ခွဲစိတ်ပြီးတော့ ကျွန်တော့် အခန်းဆီ ပို့ပေးတယ်။ အခန်းမှာ ဘာအစာစားမှာလဲလို့ မေးပါတယ်။ ထိုင်းစာလား၊ ဥရောပစာလားပေ့ါ။ ထိုင်းစာဆို စပ်မှာ ကြောက်တာနဲ့ပဲ ဥရောပစာလို့ ပြောလိုက်ပါတယ်။ အမယ်-တကယ်လာကျွေးတော့ အတော်ကောင်းသဗျ။ ဟင်းသီးဟင်းရွက်ဟင်းချို ပျစ်ပျစ်၊ ညစာပေါင်မုန့်လုံး၊ ထောပတ်၊ ဆာလမန်ပင်လယ်ငါး၊ ဟင်းသီးဟင်းရွက်၊ အချိုပွဲနဲ့ အကျအန။ အခန်းက တစ်ယောက်ခန်း။ ရေချိုးခန်း အိမ်သာ ပူးတွဲပါ။ သန့်ရှင်းတောက်ပြောင်။ ဆေးရုံပေမယ့် ဆေးရုံအနံ့အသက် တစ်စက်မှ မရ။

ပက်လက်လူမမာဆို သုံးဖို့ (ကန်တော့ပါရဲ့) ဆီးအိုး၊ နောက်ဖေးအိုးလည်း အဆင်သင့်။ လူနာအခန်းထဲ စီးဖို့ဆေးရုံနာမည်၊ တံဆိပ်နဲ့ ကွင်းထိုး ပိတ်ပါးဖိနပ်က ပလတ်စတစ်အိတ်လေးနဲ့ ထုပ်လို့။ သွားပွတ်တံ၊ ကိုး(လ်)ဂိတ်(ထ်) သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ အသေးစား နှစ်ထည်၊ ခေါင်းလျှော်ရည်၊ ကိုယ်တိုက်ဆပ်ပြာရည်၊ ကိုယ်လိမ်းပေါင်ဒါ၊ ဘီး၊ အားလုံးပေါင်းစုပြီး ထုပ်ထားတဲ့ ပလတ်စတစ်အိတ်ကလေးကိုကျ ခရီးဆောင်အလှပြင်ပစ္စည်းထည့်တဲ့ ဇစ်ပိတ်အိတ် လှလှကလေးနဲ့ ချပေးထားတယ်။ ရေသန့်ဘူး နှစ်မျိုး၊ တစ်မျိုး နှစ်လုံးစီ။ တစ်ခုက ရိုးရိုးရေသန့်၊ နောက်တစ်မျိုးက ဗီတာမင် ရေသန့်ဆိုပဲ။ သောက်ကြည့်တော့ ဂန္ဓမာပန်းရနံ့လေးနဲ့ ရေပါပဲ။ အဲဒါတွေ အားလုံးအတွက် ဘာအပိုကြေးမှ ပေးစရာမလို။

ညဘက် လေးနာရီခြားတစ်ခါ ကျွန်တော့် သွေးပေါင်ကို လာတိုင်းတဲ့ သူနာပြုကလည်း အခန်းကို တံခါးခေါက်ပြီးမှ ဝင်တယ်။ အိပ်ပျော်နေရင် ရွရွလေး နှိုးတယ်။ မျက်နှာလေးက ချိုချို။ မနက်လင်းတော့ မနက်ခင်းစာ ရောက်လာတယ်။ အသားလွှာ နှစ်လွှာ၊ ကြက်ဥကြော် နှစ်လုံး၊ ခရမ်းချဉ်သီး တစ်ခြမ်း၊ ပေါင်မုန့်နှစ်ချပ်၊ ထောပတ်၊ စတော်ဘယ်ရီယို၊ ဖရဲသီး၊ ကော်ဖီ။ အဲဒါပြီးတော့ ဆရာဝန် ပြန်စစ်ဖို့ သွားရပြန်တယ်။ ဘီးတပ်ကုလားထိုင်နဲ့ ခေါ်တာ။ ဆရာဝန်မလာခင် ကြိုသွားပြီး မနေ့က ဖိလစ်ပိုင် သူနာပြုလေးကပဲ ကျွန်တော့် မျက်လုံးပေါ် အုပ်ထားတာကို ခွာ၊ မျက်လုံးကို ပြန်စစ်ပါတယ်။ အယ်-ခွဲထားတဲ့ မျက်လုံးက ချက်ချင်းကြီးကို ကောင်းနေပါပေ့ါလားပေ့ါ။ ပြီးတော့ ဆောင်ရန် ရှောင်ရန်တွေ ပြောတယ်။ မျက်လုံးတစ်ဝိုက် သန့်ရှင်းရေး လုပ်နည်းကို သင်ကြားပေးတယ်။

ကျွန်တော် သိသလောက်ကို အဲဒီဆရာဝန်မမက ဆေးရုံသုံးရုံမှာ ထိုင်တာ။ ဗန်ကောက်ဆိုတာလည်း အလွန်ယာဉ်ကြောပိတ်တဲ့မြို့။ သို့သော် ၉ နာရီခွဲအတိမှာ သူရောက်လာတယ်။ မျက်စိဌာနအဝင်ဝမှာ တန်းစီထိုင်နေတဲ့ သူနာပြုတွေ၊ စာရေးမလေးတွေကို ပြုံးပြုံးရွှင်ရွှင်နဲ့ သူက လက်အုပ်ကလေးချီပြီး နှုတ်ဆက်သွားတာ မြင်ရတယ်။ ကျွန်တော့်ရှေ့မှာ လူနာ သုံးယောက်ရှိနေသေးတယ်။ ပြီးတော့မှ ကျွန်တော့်အလှည့်။ ကျွန်တော့်မျက်လုံးကို စစ်တယ်။ ဆောင်ရန်၊ ရှောင်ရန်တွေ ပြောတယ်။ တစ်ပတ်အကြာမှာ သူ့ကို ပြန်လာပြဖို့ ချိန်းတယ်။ မူရင်း သာသနာပြုဆေးရုံကိုပဲ ပြန်လာခဲ့တဲ့။ အားလုံး အေးအေးဆေးဆေး၊ စိတ်ရှည်လက်ရှည်၊ ချိုချိုသာသာ၊ လူလူချင်း လေးစားသမှုလေးနဲ့။

**မပြေးဘူး စိတ်ချ**

ပြီးတော့ ကျွန်တော်လည်း ကိုယ့်အခန်းကိုယ်ပြန်ပေ့ါ။ ဆေးရုံက ဆင်းခွင့်ရပြီဆိုတော့ ၁၈ နာရီလောက် ဆေးလိပ်မသောက်ဘဲနေခဲ့ရတဲ့ ကျွန်တော် ပထမဆုံးလုပ်ချင်တာက ဆေးလိပ်သောက်ဖို့ပါ။ အခန်း ပြန်ရောက်တော့ ကျွန်တော့်အိမ်သူကို အကျိုးအကြောင်း ပြောပြတယ်။ ပြီးတော့ ကျွန်တော်တို့ အထပ်က တာဝန်ကျ သူနာပြုတွေကို သွားပြောတယ်။ ပိုက်ဆံရှင်းတော့မယ်၊ ကျွန်တော် ဆင်းတော့မယ်ပေ့ါ။ သူတို့က နေပါဦး။ စာရွက်စာတမ်းလေးတွေ ပေးလိုက်ဖို့ ပြင်ဆင်နေပါတယ်။ နောက်တစ်နာရီလောက်နေရင် အခန်းကို လာပို့ပေးပ့ါမယ်တဲ့။

ဒါနဲ့ ကျွန်တော်တို့ စုံတွဲလည်း အခန်းမပြန်ဘဲ အောက်ဆုံးထပ်ဆင်းပြီး ဆေးလိပ်သောက်ဖို့ ပြင်တယ်။ သူနာပြုလေးတွေ အူယားဖားယားဖြစ်ကုန်တယ်။ ဒါပေမယ့် ချိုချိုလေးပဲ ပြောတယ်။ အောက်မဆင်းနဲ့လေတဲ့။ ကော်ဖီဆိုင်တင်ပါလို့။ ဒါဆို သူနာပြုတစ်ယောက် ထည့်ပေးလိုက်ပါရစေ၊ ဦးလေးက လူနာပဲ ရှိသေးတာမို့ပါတဲ့။ ဟာ-မဟုတ်တာ၊ ဆေးရုံက ဆင်းခွင့်တောင် ရနေပြီလေကွယ်။ စိတ်မချလို့လား။ သည်မှာ အံဆွဲသော့။ ဒါလေးယူထား၊ ပစ္စည်းတွေ ရှိသေးတယ်။ စိတ်ချ၊ ပိုက်ဆံမပေးဘဲ ထွက်မပြေးဘူးလို့ဆိုတော့ အဲလိုလည်း မဟုတ်ပါဘူးတဲ့။ ဒါဆိုလည်း သွားကြပါတဲ့။ အံမယ်မင်း-

ဆေးလိပ်ကို နှစ်လိပ်ဆင့်ပြီး ပျော်ပျော်ကြီး သောက်ပလိုက်တယ်။ ပြီးမှ ပြန်တက်လာခဲ့တယ်။ သူတို့ကို မျက်နှာပြတယ်။ ခဏနေတော့ စာရွက်တစ်ထပ်နဲ့ နောက်ထပ် ဖိလစ်ပိုင် သူနာပြုတစ်ယောက် ရောက်လာပြန်တယ်။ တကယ်လို့ တစ်ခုခုကြောင့် တခြား ဆေးရုံ၊ ဆေးခန်းမှာ ပြရတယ်ဆိုရင် သည်ဆေးရုံက ဘာတွေလုပ်ပေးလိုက်တယ်၊ ဘာဆေးတွေ တိုက်လိုက်တယ်ဆိုတာ အကျဉ်းချုပ်ရေးထားတဲ့ စာရွက်ကိုပေးတယ်။ ကုန်ကျစရိတ်ဖြတ်ပိုင်းကတော့ စာရွက်ပိုင်းလေး တစ်ခုပါ။ အကုန်အပြီးအစီး သတ်မှတ်နှုန်းထားဆိုတော့ ဘာဇယားမှ မရှုပ်တော့ဘူး။ ဒါပေမယ့် မဆင်းပါနဲ့ဦး။ တအောင့်စောင့်ပါ။ နေ့လယ်စာ ကျွေးဦးမှာမို့ဆိုတာနဲ့ စောင့်ရပြန်တယ်။

နေ့လယ်စာ စားပြီးတော့ ငွေသွားရှင်းတယ်။ ကျွန်တော့်အထပ်က သူနာပြုမလေးတစ်ယောက် ထက်ကြပ်ပါလာတယ်။ ဘီးတပ်ကုလားထိုင်နဲ့ သွားမလားက ပါသေးတယ်။ ကြံ့ကြံ့ဖန်ဖန်ဗျာ။ ငွေရှင်းတော့လည်း အဲဒီသူနာပြုလေးက အနားမှာ။ အားလုံးပြီးလို့ ကားပေါ်တက်တဲ့အထိ လိုက်ပို့၊ လက်အုပ်ကလေး တချီချီ၊ ခါးလေး တကိုင်းကိုင်းနဲ့ နှုတ်ဆက်ကျန်ရစ်ခဲ့တာများ၊ စိတ်မခိုင်တဲ့ ကျွန်တော်မျက်ရည်တောင် ဝဲချင်လာသလိုလို။ကားဆိုတာကလည်း ဂေါက်ကွင်းသုံးကားပါ။ အဲဒီဂေါက်ကွင်းသုံးကားက ဆေးရုံနဲ့ ကိုက် ၁၅၀ လောက် ဝေးတဲ့ ယာဉ်ရပ်နားရာနေရာကို ကြိုပို့ပေးဖို့ ဆေးရုံက စီစဉ်ထားတဲ့ ကားခင်ဗျ။

**ဘယ်တံချူနဲ့ ချူ ဘယ်တုံးကို ခုကြမတုံး**

ကျန်းမာရေး စောင့်ရှောက်မှုပေးတယ်ဆိုတာ ဝန်ဆောင်မှုပေးတဲ့ လုပ်ငန်းလို့ ဆိုနိုင်ပါတယ်။ ဒါက ပုဂ္ဂလိက ဆေးရုံတွေပါ။ တစ်နည်းပြောရင် ကျန်းမာရေးစောင့်ရှောက်မှုနဲ့ စီးပွားရှာနေကြတာပဲဖြစ်ပါတယ်။ သည်အတွက် သူတို့ လုပ်ပေါက်က သူတို့ဆေးရုံကို ကြောက်မသွားစေတဲ့အပြင် နောင်တစ်ခုခုဆိုလည်း လာချင်နေအောင်၊ ကိုယ်တိုင်မဟုတ်တောင် မိတ်ဆွေတွေကို လက်တို့ချင်နေအောင်၊ သူတို့ဆေးရုံကို တသသဖြစ်နေအောင် ဘက်ပေါင်းစုံက အကောင်းဆုံးဝန်ဆောင်မှုတွေ ပေးနေကြတာပဲလို့ မြင်လာမိရပါတယ်။ ကျွန်တော်တို့ဆီမှာလည်း အဲသလို ပုဂ္ဂလိက ဆေးရုံလုပ်ငန်းတွေ အပြိုင်းအရိုင်း ပေါ်ထွန်းနေပါပြီ။ သို့သော်လည်း ဝန်ဆောင်မှုကတော့ အများသိတော်မူတဲ့ အတိုင်းပါပဲ။

ဘာတွေ ကွာခြားနေတာလဲ၊ ဘယ်သူတွေမှာ တာဝန်ရှိသလဲ၊ ဘာတွေကို ပြုပြင်လိုက်မယ်ဆိုရင်ဖြင့် နောက်ဘယ်နှနှစ်လောက်မှာ လက်ရှိ ထိုင်းအနေအထားရဲ့ လေးပုံတစ်ပုံလောက်ကို ရောက်လာနိုင်မလဲ။ မေးခွန်းတွေက ကျွန်တော့်ခေါင်းထဲမှာ ပလုံစီနေပါတယ်။ စာဖတ်သူ လူကြီးမင်းများလည်း ကျွန်တော့်ကိုကူပြီး စဉ်းစားပေးကြဖို့ မရဲတရဲ ပြောကြည့်လိုက်ချင်လာရပါတော့တယ်။အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားလိမ့်မယ်လို့လည်း မျှော်လင့်နေမိပါတယ် ခင်ဗျား။ ။

# မင်းဘူးမြို့ တောင်မန်းမြောင်းမကြီးပေါ်မှ ရေတံလျှောက်များ စိုက်ပျိုးချိန်အမီ အသစ်ပြောင်းလဲတပ်ဆင်

**မင်းဘူး ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သည့် ဒေသဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် စိုက်ပျိုးရေပြည့်ဝစွာရရှိရေးသည် အဓိကကျလှပေသည်။ မန်းချောင်းတမံမှ ထုတ်လွှတ်ပေးသောဆည်ရေအား အိုင်းမရေလွှဲဆည်သို့ရောက်ရှိသည့်အခါ တောင်မန်းမြောင်းမကြီးနှင့် မြောက်မန်းမြောင်းမကြီးတို့ဖြင့် မင်းဘူးမြို့နယ်အတွင်းရှိ လယ်မြေများသို့ စိုက်ပျိုးရေဖြန့်ဖြူးပေးဝေလျက်ရှိသည်။ ထိုသို့ဖြန့်ဝေရာတွင် တောင်မန်းမြောင်းမကြီးပေါ်ရှိ ရေတံလျှောက်များမှာ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းလာသဖြင့် ယခင် စက်ဝိုင်းခြမ်းပုံစံရေတံလျှောက်များအစား ရေပိုမိုသယ်ဆောင်နိုင်မည့် ထောင့်မှန်စတုဂံအမျိုးအစား ရေတံလျှောက်များအဖြစ် ပြောင်းလဲတပ်ဆင်ဆောင်ရွက်လျက်ရှိသည်။



တောင်မန်းမြောင်းမကြီးသည် စကောချောင်းနှင့် ပင်းတလဲချောင်းတို့ကို ဖြတ်ကျော်၍ စိုက်ပျိုးရေများကို လယ်၊ ယာမြေများသို့ ပို့ဆောင်ပေးရခြင်းဖြစ်ရာ ချောင်းများအပေါ်မှ သံကူကွန်ကရစ်တိုင်များ၊ သံပေါင်များဖြင့် ရေတံလျှောက်များပြုလုပ်၍ ရေသွယ်ယူဖြန့်ဖြူးပေးဝေရခြင်းဖြစ်သည်။ ထို့ကြောင့် ချောင်းအပေါ်မှ ရေတံလျှောက် ရေသွယ်မြောင်း၊ ရေတံလျှောက်ပေါ်မှ ချောင်းကူးတံတားခင်း၍ လူနှင့် ယာဉ်ယယ်များ သွားလာနိုင်ရန် စီမံဆောင်ရွက်ထားခြင်းဖြစ်သည်။

တောင်မန်းမြောင်းမကြီးပေါ်တွင် ပေတိုင် ၉၀၀၀ တွင် ပင်းတလဲ ရေတံလျှောက်နှင့် ပေတိုင် ၂၁၀၀ တွင် စကောရေတံလျှောက်တို့မှာ စက်ဝိုင်းခြမ်းပုံစံရေတံလျှောက်များဖြစ်ပြီး ၁၆ ဂိတ် သံပြားများကို တပ်ဆင်အသုံးပြုခဲ့ရာ သံပြားအဆက်နေရာများမှ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ဆွေးမြည့်ပေါက်ပြဲကာ ရေမလုံသဖြင့် စိုက်ပျိုးရေလေလွင့်ဆုံးရှုံးမှုများ နှစ်စဉ်ကြုံတွေ့နေရသည်။

ထိုရေတံလျှောက်များအား မင်းဘူးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ခြောက်မီလီမီတာအထူ သံပြားများကိုအသုံးပြု၍ ထောင့်မှန်စတုဂံပုံစံ ပြောင်းလဲတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေ လေလွင့်မှုမရှိခြင်းနှင့် ရေပိုမိုသယ်ဆောင်နိုင်ခြင်းတို့ကြောင့် စိုက်ပျိုးဧကတိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

တောင်မန်းမြောင်းမကြီးပေါ်ရှိ ရေတံလျှောက်များ အသစ်ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မင်းဘူးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကိုကိုနှင့် မြို့နယ်ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းတို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ တည်ဆောက်ရေးတာဝန်ခံများက ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ သတ်မှတ်ကာလအတွင်း စိုက်ပျိုးချိန်အမီ ပြီးစီးအောင် ဆောင်ရွက်သွားရေးနှင့် ရေတံလျှောက်များ ရေရှည်ကြံ့ခိုင်မှုရှိရေးနှင့် အရည်အသွေးပြည့်မီရေးတို့ကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

တောင်မန်းမြောင်းမကြီးသည် နှစ်စဉ်မိုးစပါးဧက ၁၀၅၀၀ ကို စိုက်ပျိုးရေ ဖြန့်ဖြူးပေးဝေလျက်ရှိရာမှ ရေတံလျှောက်များ အသစ်ပြောင်းလဲတပ်ဆင်ခြင်းဖြင့် စိုက်ပျိုးမြေဧက ၁၄၅၈ တိုးချဲ့ရေပေးဝေနိုင်မည်ဖြစ်သည့်အပြင် ယခင်ရေသွယ်အား ၁၆၅ ကုဗပေ/စက္ကန့်မှ ယခု ကုဗပေ/စက္ကန့် ၂၅၀ ရေသယ်ဆောင်ပို့လွှတ်နိုင်မည်ဖြစ်သည်။ ရေတံလျှောက် အသစ်ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းအား ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး မတ်လဆန်းတွင် စိုက်ပျိုးရေစတင်ပေးဝေသွားမည်ဖြစ်၍ ဒေသခံတောင်သူများ မိုးစပါး ရိတ်သိမ်းအပြီး နွေနှမ်းစိုက်ပျိုးနိုင်ရန် ကြိုတင်ပြင်ဆင်နေလျက်ရှိကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ရေတာရှည်မြို့နယ် မတ်ပဲစိုက်ခင်းများပိုးကျမှု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသို့ အကူအညီတောင်းခံနိုင်

**ရေတာရှည် ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးစပါးရိတ်သိမ်းပြီးနောက် မတ်ပဲစိုက်ခင်းများဆက်လက်စိုက်ပျိုးခဲ့ရာ ယခုအခါအဆိုပါစိုက်ပျိုးပြီးသည့် ပဲခင်းများတွင် ရာသီဥတုအေးခြင်းနှင့် မိုးအုံ့သည့်အခါများတွင် ကျရောက်လေ့ရှိသော ပျပိုးနှင့်ယင်ဖြူများ ဝင်ရောက်လျက်ရှိနေပြီး တောင်သူများအနေဖြင့် နည်းပညာအကူအညီများလိုအပ်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းမြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

"အခုလောလောဆယ်တော့ပျပိုးနဲ့ ယင်ဖြူဝင်တာတွေရှိပါတယ်။ ပိုးကျပြီဆိုရင် တောင်သူတွေအနေနဲ့ ရွက်ဖျန်းအားဆေးတွေသွားမဖျန်းရဘူး။ အဲ့ဒီအားဆေးတွေက ရောဂါပိုးမွှားကို ပိုပြီးအားပေးသလိုဖြစ်တတ်တယ်"ဟု မြို့နယ်ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ရာသီအလိုက်စိုက်ခင်းသီးနှံများ ရောဂါပိုးမွှားများကျရောက်ပါက ပိုးအမျိုးအစားနှင့် သုံးစွဲရမည့်ဆေးဝါးများကို တိတိကျကျလိုက်နာ ဆောင်ရွက်ခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

လက်ရှိတောင်သူများ သုံးစွဲလျက်ရှိသည့် ဆေးဝါးများမှာ ထိရောက်မှုရှိသော ဆေးဝါးများပါဝင်သလို အာနိသင်နည်းပါးသည့်ဆေးဝါးများလည်း ပါဝင်လျက်ရှိရာ ဝယ်ယူအသုံးပြုသည့်အခါ ရောင်းချသည့်ဆေးဆိုင်၊ တရားဝင်မှတ်ပုံတင်ထားသော ဆေးဝါး ဟုတ်၊ မဟုတ် သေချာစွာစိစစ်ဝယ်ယူသင့်ကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

## လျှပ်စစ်ဓာတ်အားသုံးစွဲသူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး ဓာတ်အားလိုင်းကြိုးများ အသစ်လဲလှယ်

**ဒဂုံမြို့သစ်(တောင်ပိုင်း) ဒီဇင်ဘာ ၂၃**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) ၏လမ်းညွှန်ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၂၂ ရက် နံနက်က ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အတွင်း လျှပ်စစ်သုံးစွဲသည့် မိဘပြည်သူများအတွက် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဗို့အားစနစ်ကောင်းမွန်စေရေးနှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးများ အသစ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

"၁၁ ကေဗွီ ဓာတ်အားလိုင်းကြိုးတွေက ဟောင်းနေပြီး လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေနိုင်တဲ့အတွက် အသစ်လဲလှယ် တပ်ဆင်ပေးတာပါ။ ဒီဇင်ဘာ ၁ ရက်ထဲက စတင်ပြီး အပတ်စဉ် အင်္ဂါနဲ့ ကြာသပတေးနေ့တွေမှာ လူအင်အားများများနဲ့ လိုင်းဆွဲခြင်းလုပ်ငန်းတွေကို Myanmar Global Lighting Star ကုမ္ပဏီနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးနေတာပါ။ ပြည်ထောင်စုလမ်းမကြီး၊ လှော်ကားလမ်းမကြီး၊ စည်ပင်လမ်းမကြီး၊ ထားဝယ်လမ်းမကြီးတွေကို စုစုပေါင်းပေအရှည် ၂၀၀၀၀ ကျော် အသစ်ဆွဲပေးသွားမှာပါ။ အခုချိန်ထိ ပေ ၇၀၀၀ ကျော် ဆောင်ရွက်ပြီးဖြစ်ပါတယ်"ဟု မြို့နယ်မန်နေဂျာ ဦးဇော်ဇော်လတ်က ရှင်းပြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်း သွယ်တန်းသုံးစွဲလျက်ရှိသည့် ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးများသည် နှစ်ကာလကြာမြင့်စွာ သုံးစွဲထားခြင်း၊ ဖွံ့ဖြိုးတိုးတက်လာသည့် မြို့ပြအခြေအနေနှင့် ဓာတ်အားသုံးစွဲမှုများ ပြားလာခြင်းကြောင့် ဓာတ်အားလိုင်းကြိုးများ အန္တရာယ်ရှိလာသဖြင့် အသစ်လဲလှယ် တပ်ဆင်ပေးမှုအပေါ် လမ်းသွားလမ်းလာနှင့် မိဘပြည်သူများက ကျေးဇူးတင်ဝမ်းသာလျက်ရှိကြသည်။

**မောင်မောင်**



## လှိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်တုသွေးသန့်စင်စက် တစ်လုံးဝယ်ယူရန်ငွေလှူဒါန်း

**လှိုင်ကော် ဒီဇင်ဘာ ၂၃**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းနေ ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အခြေခံကျသော ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လှိုင်ကော်မြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီးတွင် JICA အကူအညီဖြင့် ဆောက်လုပ်ခဲ့သည့် ဆေးရုံတိုးချဲ့အဆောက်အအုံ ပြီးစီးမှုအခြေအနေ၊ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။



ထို့နောက် ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်က လူနာဆောင်များနှင့် ခွဲစိတ်ခန်းများ၊ ပြင်ပလူနာများနှင့်အရေးပေါ် ဌာနတို့ စနစ်တကျပြောင်းရွှေ့နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဖွင့်ပွဲအခမ်းအနားကျင်းပရန် လိုအပ်မှုအခြေအနေများ ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့မှ ဆေးရုံအဆောက်အအုံအသစ်သို့ ပြောင်းရွှေ့နေမှု အခြေအနေများအား လိုက်လံကြည့်ရှု၍ ဖွင့်ပွဲအခမ်းအနား အတွက် လိုအပ်သည်များကို ဝန်ကြီးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ နီးနွယ်ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လှိုင်ကော်ဆေးရုံကြီးတွင် ကျောက်ကပ်တု သွေးသန့်စင်စက်ဖြင့် လူနာများအားကုသမှုပေးနိုင်သည့် အခြေအနေနှင့် ကျောက်ကပ်တုသွေးသန့်စင်စက်တစ်လုံး လတ်တလောလိုအပ်နေမှုအခြေအနေများကို ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီးတို့က တင်ပြရာ ပြည်နယ်အစိုးရအဖွဲ့မှ စက်ဝယ်ယူရန် အလှူငွေ ကျပ်သိန်း ၇၀ အား ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ပေးအပ်လှူဒါန်းရာ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ဆေးရုံအုပ်ကြီးနှင့် သမားတော်ကြီးတို့က လက်ခံရယူသည်။

လှိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစတင်၍ နာတာရှည်ကျောက်ကပ်ရောဂါ ဝေဒနာခံစားနေရသူများအား ကျောက်ကပ်တုသွေးသန့်စင်စက်ဖြင့် ကုသမှုပေးခဲ့ရာ ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထောက်ပံ့သော စက်နှစ်လုံး၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များ စုပေါင်းလှူဒါန်းသော စက်နှစ်လုံး စုစုပေါင်း စက်လေးလုံးဖြင့် ကုသပေးနိုင်တော့မည်ဖြစ်သည့်အပြင် အဆောက်အအုံသစ်များ ဖွင့်လှစ်ပြီးပါက လှိုင်ကော်ဆေးရုံကြီး၏ ကုသရေးလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဒေသခံတိုင်းရင်းသားပြည်သူများ ပိုမိုစိတ်ကျေနပ်မှုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

## စေတုတ္တရာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**စေတုတ္တရာ ဒီဇင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၁၉ ရက်က အမှတ်(၁) ရပ်ကွက် တောင်သူဦးထွန်းကြည်၏ ဦးပိုင်အမှတ် (၆၉) ကွင်းအမှတ် (၉၃/ခ)တွင် ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအေးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးညှိနှိုင်းမှုအဖွဲ့ဝင်များ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

တောင်သူ ဦးကြည်ထွန်း၏ မိုးစပါးစံကွက်တွင် (Drum Seeder)ဖြင့် အစေ့ချစိုက်ပျိုးခဲ့သည့် မနောသုခမျိုးစပါးကိုရိတ်သိမ်းခဲ့ပြီး ထွက်ရှိမှုစံနှုန်းများ တွက်ချက်ခဲ့ပြီး တစ်ဧကလျှင် တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

**ကျော်ဇင်မင်း(ပြန်/ဆက်)**

## တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံခရိုင်တို့ရှိ မိဘမဲ့ကလေးများ စောင့်ရှောက်ရေးဂေဟာများသို့ ငွေကျပ်သိန်း ၅၀ စီ လှူဒါန်း

**တာချီလိတ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဒီဇင်ဘာ ဒုတိယပတ်အတွင်းက အပြည်ပြည်ဆိုင်ရာ မော်တော်ဆိုင်ကယ်ကလပ်များတွေ့ဆုံပွဲအား စီစဉ်ကျင်းပခဲ့သည့် Eastern Eagle Motorcycle Club အဖွဲ့က တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံခရိုင်တို့ရှိ မိဘမဲ့ကလေးများစောင့်ရှောက်ရေးဂေဟာများအတွက် ငွေကျပ်သိန်း ၅၀ စီကို ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ပေးအပ်လှူဒါန်းရာတွင် Eastern Eagle Motorcycle Club မှ ဥက္ကဋ္ဌ ဦးစိုင်းဟုမ်ဖ၊ ဒုတိယဥက္ကဋ္ဌ ဦးစိုင်းပိန်းနှင့်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းတို့က လက်ခံရယူခဲ့သည်။

အဆိုပါ Eastern Eagle Motorcycle Club က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အား တာချီလိတ်ခရိုင်နှင့် ကျိုင်းတုံခရိုင်အတွင်းရှိ မိဘမဲ့ကလေးများအတွက် ငွေကျပ်သိန်း ၅၀ စီ ထောက်ပံ့ပေးမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ် ပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာမော်တော်ဆိုင်ကယ် ကလပ်များတွေ့ဆုံပွဲတွင် Eastern Eagle Motorcycle Club ကထိုင်းဘတ် တစ်သိန်းအပါအဝင် နိုင်ငံခြားခရီးသွားဧည့်သည်များကလည်း ပါဝင်ကူညီထောက်ပံ့ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကျားမင်းကြီးကျေးရွာ မြေသားရေလှောင်ကန် တူးဖော်ပြီးစီး၍ ဒေသခံ ပြည်သူများ သောက်သုံးရေအဆင်ပြေ



**စစ်ကိုင်း ဒီဇင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိနိုင်ရေးအတွက် တွင်းတိမ်၊ တွင်းနက်၊ လက်တူး၊ ရေတွင်း၊ ရေကန်နှင့် မြေသားရေလှောင်ကန်များ တူးဖော်ပေးလျက်ရှိရာ စစ်ကိုင်းမြို့နယ် ကျားမင်းကြီးကျေးရွာတွင်(၂၅၀ ပေ × ၂၈၅ ပေ × ၄ပေ ၆လက်မ) အကျယ်အဝန်းရှိမြေသားရေလှောင်ကန်ပြီးစီးသွား၍ ဒေသခံပြည်သူများ သောက်သုံးရေသုံးစွဲရရှိမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ နှစ်စဉ်နွေရာသီရောက်ရင် ရေအခက်အခဲဖြစ်ရပါတယ်။ အခုဒီမြေသားရေလှောင်ကန်ကြီး တူးဖော်ပြီးစီးသွားတဲ့အတွက် ဒီနှစ်မိုးကလည်းကောင်းတော့ ကန်ထဲမှာမိုးရေဝင်ရောက်မှုကြောင့် ရေရရှိပြီး ဒေသခံပြည်သူတွေရော၊ ကျွဲ၊ နွားတိရစ္ဆာန်တွေအတွက်ပါ သောက်သုံးရေအတွက်အဆင်ပြေပါပြီ။ ရေလှောင်ကန်ပြီးစီးတာကတော့ ဇွန်လကုန်လောက်က ပြီးစီးတာပါ၊ ရေကန်လည်းပြီးရော မိုးအဆက်မပြတ်ရွာတော့ ရေလှောင်ကန်ထဲ ရေပြည့်တာပေါ့၊ ဒီအတိုင်းဆိုရင် ကျေးရွာပြည်သူတွေအတွက် သောက်သုံးရေ တစ်နှစ်ပတ်လုံးသုံးစွဲရတာ အဆင်ပြေမှာပါ" ဟု ကျေးရွာ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်းခုနစ်ရွာကို ရေရရှိနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ပြီး ကျေးရွာပေါင်းငါးရွာတွင် ရာနှုန်းပြည့်ပြီးစီးသွားကာ ကျန်ရှိကျေးရွာနှစ်ရွာတွင်လည်း တွင်းနက်တူးဖော်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင် (ပြန်/ဆက်)**

## တွင်ကျယ်စွာအသုံးပြုမှုရှိနေသည့်အတွက် ငှက်ပျောဖက်ခုတ်ရောင်းသူများ ပုံမှန်ဝင်ငွေရရှိနေ

**မန္တလေး ဒီဇင်ဘာ ၂၃**

ကျွမ်းကျင်မှုအသီးသီး လုပ်ငန်းအမျိုးမျိုးဖြင့် တစ်ဦးစီအသက်မွေးမှု ပြုနေရသည့်အထဲတွင် ပုံမှန်ဝင်ငွေရအောင် လုပ်ဆောင်သည့် ငှက်ပျောဖက်ရောင်းသည့်လုပ်ငန်းလည်းပါဝင်သည်။ ငှက်ပျောဖက်ကို ရှေးယခင်ကတည်းက အသုံးပြုသလို လက်ရှိကာလတွင်လည်း အသုံးပြုနေသေးသည့်အတွက် ပုံမှန်ဝင်ငွေကို ဖော်ဆောင်ပေးနေလျက်ရှိသည်။ ငှက်ပျောဖက်ရောင်းသူများမှာ ငှက်ပျောစိုက်ခင်းများသို့ သွားရောက်ကာ ငှက်ပျောရွက်များ ခုတ်ယူရောင်းချကြသည်။

ငှက်ပျောဖက်ခုတ်ယူရာတွင် ငှက်ပျောသားတက်များမှ ခုတ်ယူခြင်းဖြစ်သည်။ ငှက်ပျောပင်အကြီးမှ ပွားလာသော ငှက်ပျောပင်ငယ်များမှ ငှက်ပျောရွက်များကို ခုတ်ယူကြရသည်။ငှက်ပျောပင်ငယ်သားတက် အများစုမှာ ခုတ်ယူပစ်ကြရသည့်အတွက် ငှက်ပျောခြံပိုင်ရှင်များမှ အခမဲ့ခုတ်ယူခွင့်ပြုခြင်းပင်ဖြစ်သည်။ ငှက်ပျောဖက်ခုတ်သူများသည် ငှက်ပျောရွက်အသေးများကို ခုတ်ယူကာ နဘေထပ်ထပ်ကာလိပ်ပြီး သယ်ဆောင်ကြရသည်။ ငှက်ပျောဖက်ထုံးအကြီးတစ်ထုံးလျှင် ငှက်ပျောဖက် (ငှက်ပျောရွက်) နှစ်ထောင်ကျော်ပါဝင်သည်။



ငှက်ပျောဖက်များကို မန္တလေးမြို့နှင့် စစ်ကိုင်းရှိဈေးများတွင် ရောင်းချကြသည်။ အများစုဝယ်ယူသုံးသူများမှာ သားငါးသည်၊ မုန့်တီသည်များနှင့် အောက်ခင်းရောင်းချသည့် ဈေးသည်များ၊ ပန်းသည်များက ဝယ်ယူအသုံးပြုကြသည်။ ငါးရာဖိုးဝယ်ယူပါက ငှက်ပျောဖက် တစ်တောင်ခန့်ရှိ အရွက် ၇၀ ခန့်ပေးရသည်။ ငှက်ပျောရွက် အတိုအရှည်ပေါ်မူတည်ကာ အနည်းအများကွာခြားသည်။ ငှက်ပျောဖက်ခုတ်သူများမှာ နေ့တစ်ပိုင်းခုတ်ကာ နေ့တစ်ပိုင်းတွင် သယ်ယူကြရသည်။ ငှက်ပျောဖက်ခုတ်သူတစ်ဦးလျှင် အနည်းဆုံးငွေကျပ် တစ်သောင်းငါးထောင်မှ နှစ်သောင်းငါးထောင်အထိ ရရှိသည်။ ငှက်ပျောဖက် ရောင်းကောင်းသောရာသီများတွင်တစ်နေ့လျှင်ငွေ ကျပ်သုံးသောင်းအထိ ရရှိကြသည်။ တပို့တွဲလနှင့် တပေါင်းလတို့တွင် ငှက်ပျောဖက်ရောင်းကောင်းလေ့ရှိသည်။ လက်ရှိကာလ မန္တလေးမြို့နှင့်အနီးတွင် ငှက်ပျောဖက်ခုတ်ရောင်းကာ ပုံမှန်ဝင်ငွေရရှိအောင် ပြုလုပ်သူများ အဆင်ပြေလျက်ရှိသည်။ ငှက်ပျောဖက်ကို ဈေးများတွင် တွင်ကျယ်စွာအသုံးပြုနေသေးသည့်အတွက် ပုံမှန်ဝင်ငွေရရှိလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းအသိပညာပေး ပြခန်းယာဉ် ငါးသိုင်းချောင်းမြို့သို့ရောက်ရှိပြသ

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၃**

မှုခင်းလျော့နည်းကျဆင်းရေးနှင့်အများပြည်သူ မှုခင်းအသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှမှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် တိုင်းဒေသကြီးအတွင်းလှည့်လည်ပြသလျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ အများပြည်သူစည်ကားရာ မြို့မဈေးအနီး ရွှေတောင်လမ်းနှင့် မြဝတီလမ်းဆုံ စိန္တာမုနိစေတီတော်ရှေ့၌ပြသခဲ့သည်။

အဆိုပါ ပြခန်းယာဉ်သို့ ဒေသခံပြည်သူများစိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုကြပြီး နယ်မြေရဲတပ်ဖွဲ့စခန်းမှူးရဲအုပ်ကျော်စိန်လှိုင်၊ ပြခန်းယာဉ်ကြီးကြပ် ဒုတိယရဲအုပ်နေမျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များမှ ပြည်သူများသို့ မှုခင်းအသိပညာပေးလိုက်လံရှင်းလင်းပြသခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## စာပေရေချမ်းစင်၌ စာအုပ်အသစ်များဖြည့်ဆည်း

**မော်လူး ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများကို ဗဟိုပြု၍ ပြည်သူ့ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများစာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် စာပေရေချမ်းစင်များရှိ စာအုပ်စာစောင်များကို ပုံမှန်အသစ်လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများကိုလေ့လာဖတ်ရှုလိုသည့် အလေ့အကျင့်ကောင်းများ ပေါ်ထွန်းလာစေရန်နှင့် စာတတ်သူတိုင်း စာဖတ်လာစေရန် ရည်ရွယ်၍ စာပေရေချမ်းစင်များကို လူစည်ကားသည့် မြို့ပေါ်ရပ်ကွက်၊ မီးရထားဘူတာရုံ၊ ဌာနဆိုင်ရာရုံး၊ လက်ဖက်ရည်ဆိုင်၊ ကားဂိတ်၊ မော်တော်ဆိပ်များတွင် ထားရှိပေးလျက်ရှိသည်။ အဆိုပါ စာပေရေချမ်းစင်များကို လစဉ်ထုတ်စာအုပ်များကို တစ်လတစ်ကြိမ် အသစ်အဟောင်း လဲလှယ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ အင်းတော်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လစဉ်ထွက်ရှိသည့် စာအုပ်များနှင့် အခြားစာအုပ်များကို အသစ်အဟောင်း လဲလှယ်ဖြည့်ဆည်းပေးခဲ့သည်။

**ခင်မောင်ဆွေ (မော်လူး)**

ကြေးမုံ



# ဗေဒါအချောထည် တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်းများ စဉ်ဆက်မပြတ်ပို့ချမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းချုပ်မှ ဗေဒါ၊ ကြာနှင့် ရော်ဘာတန်ဖိုးမြှင့်ထုတ်ကုန်ဖွံ့ဖြိုးရေးစီမံကိန်းအရ ဗေဒါအချောထည် တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်းများကို စဉ်ဆက်မပြတ်ပို့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။

မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးကျော်သူက "အဓိကဒီလိုသင်တန်း ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ထုတ်ကုန်အမည်အသစ်တစ်ခု ထွက်ပေါ်လာစေချင်လို့ပါ။ ဗေဒါဟာ နိုင်ငံတကာဈေးကွက်မှာဆိုရင်လည်း နှစ် ၂၀ လောက် ဈေးကွက်ရှိနေပါပြီ။ လက်မှုပညာ၊ ဒီဇိုင်းနဲ့ ပေါင်းစပ်ပြီး ထုတ်ကုန်ကိုထုတ်တဲ့အတွက် ကမ္ဘာ့ဈေးကွက်မှာလည်း လိုလိုချင်ချင်ရှိကြပါတယ်။ ဥပမာ ကျွန်းထိုင်ခုံတစ်လုံးကို ဒေါ်လာ ၅၀ နဲ့ရောင်းလို့ ရှိရင် ဗေဒါနဲ့ထုတ်လုပ်တဲ့ ထိုင်ခုံကိုလည်း ဒေါ်လာ ၅၀ နဲ့ ရောင်းချနိုင်ပါတယ်။ ဗေဒါပင်က အလကားရတယ်ဆိုပေမယ့် တစ်ပင်ကို ကောက်ခ ငွေတစ်ကျပ်နှုန်းပဲရှိပါတယ်။ ဒါပေမယ့် ဒါတွေဟာ လူရဲ့ လုပ်အား၊ တန်ဖိုး၊ ထုတ်လုပ်မှု၊ ဒီဇိုင်းတန်ဖိုးများ ပေါင်းစပ်လိုက်တဲ့အခါမှာ ဗေဒါပင်ဟာ တန်ဖိုးရှိသွားပါတယ်။

ကျွန်းနဲ့ ထုတ်လုပ်တဲ့ ပရိဘောဂလိုပဲရောင်းချလို့ရတာကြောင့် ဗေဒါဟာ တိုင်းပြည်အတွက်ဝင်ငွေတိုးပြီး ပို့ကုန်တစ်ခုကောင်းကောင်းဖြစ်လာနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီသင်တန်းပြီးသွားပြီဆိုရင် သင်တန်းသားတစ်ယောက်ဟာ ကိုယ့်ဒေသမှာထွက်တဲ့ ဗေဒါကို ဘယ်လိုထုတ်လုပ်နိုင်မလည်းဆိုတဲ့နည်းပညာရပ်များကိုပါ ကောင်းမွန်စွာနားလည်သွားမှာဖြစ်ပြီး လက်မှုထည်တွေကို ဘယ်လိုထုတ်လုပ်နိုင်မလည်းဆိုတာပါ တတ်မြောက်သွားကြပါလိမ့်မယ်။ ပြီးတော့ သူတို့ကနေမှတစ်ဆင့် အခြားသူများကို ပြန်ပြီးသင်တန်းပေးနိုင်ကြမှာဖြစ်ပြီး လိုအပ်လာလို့ သူတို့အနေနဲ့ ပစ္စည်းထုတ်လုပ်ချင်တယ်ဆိုရင် ကျွန်တော်တို့ အသင်းချုပ်ကိုဆက်သွယ်ပြီး ကျွန်တော်တို့အနေနဲ့ ကူညီပံ့ပိုးပေးသွားမှာပါ။ လုပ်ငန်းတစ်ခုကို ကိုယ်တိုင်ဦးစီးပြီး လုပ်ဆောင်နိုင်တဲ့အထိကို ကူညီပံ့ပိုးမှာပါ" ဟု မြောက်ဒဂုံမြို့နယ် ပင်လုံလမ်းမကြီးပေါ်ရှိ သစ်အခြေခံစက်မှု နည်းပညာသင်တန်းဌာန၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှ စတင်ကာ ၁၅ ရက် ကြာသင်ကြားပို့ချပေးမည့် ဗေဒါအချောထည် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်းအပတ်စဉ် (၁) ၌ ပြောကြားခဲ့သည်။

အဆိုပါသင်တန်း၌ ဗေဒါမှ ထုတ်လုပ်နိုင်သော ပရိဘောဂပစ္စည်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် ပညာရပ်များအား သင်တန်းသားများအတွက် စာတွေ့အပြင်လက်တွေ့ ပိုင်းများပါ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဗေဒါနှင့်ပတ်သက်သည့် ပညာရပ်များဖြစ်သော ဗေဒါပစ္စည်းမှိုမတက်အောင်ထိန်းသိမ်းနည်းများ၊ အရောင်ချွတ်နည်းများ၊ လှပမည့်နည်းလမ်းများနှင့် ပိုးမတက်မည့် နည်းပညာရပ်များပါထည့်သွင်းပို့ချသွားမည်ဖြစ်ကာ နည်းပညာရပ်များ ပျံ့နှံ့စေရန်အတွက် ထုတ်ကုန်ထုတ်နည်းပညာရပ်များပါ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သယ်န်းဒေါင့်အုပ်စု သံတင်းချောင်ကျေးရွာမှ သင်တန်းသူမနုနုဝေက "ဒီသင်တန်းကို တက်ရောက်ဖြစ်တာကတော့ ကျွန်မတို့ ရေကြည်မြို့နယ် ကိုယ်စားပြု ကြိမ်လုပ်ငန်းအသင်းက ဦးစီးဦးဆောင်ပြီး ခေါ်ယူလို့ တက်ရောက်ဖြစ်တာပါ။ ဒီသင်တန်းပြီးသွားရင် အလုပ်အကိုင်အတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ ပြီးတော့ ထူးချွန်တဲ့သူတွေကို ပြည်ပကိုပညာသင်လွှတ်မှာဆိုတော့ အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်မအနေနဲ့ ဒီသင်တန်းကိုလည်း ဖြစ်ဖြစ်မြောက်မြောက် ထူးချွန်အောင် သင်ကြားမယ်ဆိုပြီး ရည်ရွယ်ထားပါတယ်။ ဒီမှာ နေထိုင်ရတာလည်း အဆင်ပြေပါတယ်။ နေ့လယ်စာ၊ ညစာအပြင် Daily ကြေးတစ်ရက်လျှင် ငွေကျပ် ၃၀၀၀ ကို အသင်းချုပ်က ထောက်ပံ့ပါတယ်။ လမ်းစရိတ်လည်း ကူညီထောက်ပံ့ပေးထားပါတယ်။ ဒီပညာရပ်ကို သေချာလေ့လာဆည်းပူးပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သွားဖို့အစီအစဉ်ရှိပါတယ်" ဟု ပြောသည်။

အဆိုပါသင်တန်းပို့ချပြီးစီးပါက နိုင်ငံခြားသားပညာရှင်များဖြစ်သည့် ဟောင်ကောင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ထူးချွန်ပရိဘောဂပညာရှင်ကြီးများအား ခေါ်ယူကာ သင်တန်းမှ ထူးချွန်သင်တန်းသား၊ သင်တန်းသူများအား ထပ်မံသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ အဓိကဈေးကွက်ထိုးဖောက်ရန်အတွက် ဒီဇိုင်းနှင့် အရည်အသွေးသည်သာလိုအပ်ကြောင်း၊ ဒီဇင်ဘာ ၁၂ ရက် နံနက် ၉ နာရီမှ စတင်ပို့ချသောသင်တန်းကာလမှာ ၁၅ ရက် ကြာမြင့်မည်ဖြစ်ပြီး အပတ်စဉ်သင်တန်းများအား လစဉ်ပို့ချပေးသွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါသင်တန်း၌ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ဧရာဝတီတိုင်းဒေသကြီးမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း-MLA**



## ရေညစ်၊ ရေဆိုးများအား ဇီဝသဘာဝဆေးများပက်ဖျန်း

**ကနီ ဒီဇင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာများရှိ ဆေးရုံ၊ ကျောင်း၊ ဌာနဆိုင်ရာ၊ ရေမြောင်းများ၊ ဈေးနှင့် မိသားစုနေအိမ်များရှိ ရေတွင်း၊ ရေကန်နှင့် မိလ္လာကန်မှတဆင့် ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ အနံ့ဆိုး၊ အနံ့အသက်မှတဆင့် ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ မိသားစု မိလ္လာကန်ပြည့်စုံကောင်းမွန်ရေးတို့အတွက် ဓာတုပစ္စည်းများမပါသော ဇီဝသဘာဝဆေးများကို ဒီဇင်ဘာ ၂၁ ရက်က ကနီမြို့ပေါ် ရပ်ကွက်များကို စတင်ပက်ဖျန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဓာတုဆေးမပါသော ဇီဝသဘာဝဆေးကို ဆေးရုံ၊ ဈေးနှင့် မိသားစုနေအိမ်များမှ မိလ္လာကန်မှတဆင့် ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ အနံ့ဆိုး၊ အနံ့အသက်မှတစ်ဆင့် ကူးစက်ရောဂါမဖြစ်ပွားစေရေး၊ မိသားစု မိလ္လာကန်ပြည့်စုံကောင်းမွန်ရေးတို့အတွက်ရည်ရွယ်ကာ ဓာတုပစ္စည်းများ မပါသော ကုန်ကြမ်းများနှင့် ထိုင်ဝမ်၊ ထိုင်း တို့မှ အဆင့်မြင့်နည်းပညာဖြင့် အကျိုးပြုမှိုနုများ၊ သဘာဝတွင်းထွက်ပစ္စည်းများ၊ အပင်၏ကြိတ်ဖတ်များကို အခြေခံအသုံးပြု၍ ခေတ်မီစက်ကိရိယာများဖြင့် ထုတ်လုပ်ထားသော ရေဆိုး၊ ရေညစ်နှင့် မိလ္လာကန်များတွင် ဇီဝသဘာဝဆေးများ အသုံးပြုပြီး ဆေးဖျန်းခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းကို BIO TOP PRODUCTION အဖွဲ့မှ အခမဲ့ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ယင်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆေးဖျန်းခြင်းများကို ကနီမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စုကိုလည်း ဆက်လက်၍ ကွင်းဆင်းပြီး အခမဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

## တိုက်ပွဲရှောင်ပြည်သူများသီပေါမြို့ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိခိုလှုံ

**သီပေါ ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်နှင့် နမ္မတူမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားနေသော ကျေးရွာများမှ တိုက်ပွဲရှောင် ပြည်သူများသည် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ သီပေါမြို့ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ရောက်ရှိခိုလှုံလျက်ရှိကြသည်။

အဆိုပါတိုက်ပွဲရှောင်များမှာ ဒီဇင်ဘာ ၂၀ ရက်အထိ သီပေါမြို့ တာပုတ်ရွှေကျောင်း၊ သာသနာ ၂၅၀၀ကျောင်း၊ ရတနာရွှေဂူကျောင်းတိုက်တို့တွင် အသီးသီးရောက်ရှိနေပြီး ရဟန်းခုနစ်ပါးနှင့် သာမဏေ ၁၂ ပါးလည်း ပါရှိကြောင်းသိရသည်။ ဒီဇင်ဘာ ၂၁ ရက်တွင် သီပေါမြို့နယ် ဘော်ကြိုကျေးရွာအုပ်စုရှိ တိုက်ပွဲရှောင်များ လက်ခံစောင့်ရှောက်ရေးစခန်းသို့ ပန်ခါးနှင့် မန်လွယ်ကျေးရွာတို့မှ တိုက်ပွဲရှောင်ပြည်သူ ကျား ၁၅၃ ဦး၊ မ ၂၄၈ ဦး စုစုပေါင်း ၄၀၁ ဦးတို့ ရောက်ရှိခိုလှုံလျက်ရှိကြသည်။

တိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတလူမှုကူညီရေး အသင်းအဖွဲ့များနှင့် တစ်ဦးချင်းအလှူရှင်များက ဆန်၊ ဆီ၊ ဆားနှင့် စားသောက်စရာများ၊ အလှူငွေများကို သွားရောက်လှူဒါန်းပေးနေပြီး ဘော်ကြိုတိုက်နယ် ကျန်းမာရေးဌာနမှလည်း ဆေးဝါးကုသပေးလျက်ရှိကြသည်။

